ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ သောကြာနေ့၊ (၁၅-၁-၂၀၁၆) (၈၄၄၆)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
တေံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလားအလာကောင်းများ ပေါ်ထွန်းနေပြီဖြစ်

### နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၆၄) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။**

ယနေ့ ဇန်နဝါရီ ၁၅ ရက်နေ့တွင် ကျရောက်သော (၆၄) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ (၁) အရ ကရင်နီပြည်နယ်ကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၂)ပုဒ်မ ၈ အရ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် "ကရင်နီပြည်နယ်" ဆိုသည့်စကားရပ်ပါရှိသည့် နေရာတိုင်း၌ ထိုစကားရပ်အစား"ကယားပြည်နယ်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်ဟု ပြဋ္ဌာန်းခဲ့ပါသည်။ ထိုကဲ့သို့ ကရင်နီပြည်နယ်မှ ကယားပြည်နယ်သို့ ပြောင်းလဲခေါ်တွင်သည့် ပထမဦးဆုံးသော "ကယားပြည်နယ်နေ့" အခမ်းအနားကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှစတင်၍ ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် (၆၄) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

အတိတ်ကာလက ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို အချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ရသည့်အတွက် ပြည်နယ်၏ဖွံ့ဖြိုးမှု နှောင့်နှေးခဲ့ရသော်လည်း ယနေ့အချိန်တွင် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအသီးအပွင့်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ရရှိနေပြီဖြစ်ပါသည်။ နိုင်ငံတော်အစိုးရကလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေး စသည့်ကဏ္ဍများအပါအဝင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်အတွင်းရှိ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ရုံးသစ်ဖွင့်ပွဲနှင့် ကျလေ့ချောင်း ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲအခမ်းအနားတို့သို့ တက်ရောက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဟုမ္မလင်းမြို့ပေါ်ရှိ ရှမ်းနီ၊ နာဂနှင့် ချင်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက နာဂရိုးရာ ဂျပ်ခုတ်စောင်၊ ချင်းရိုးရာ အနွေးထည်၊ ရှမ်းနီရိုးရာ ခေါင်းပေါင်းနှင့် စလွယ်များတို့ကို ဝတ်ဆင်ပေးကြစဉ်။*(အပေါ်ပုံ)* နာဂတိုင်းရင်းသားများ*(ယာပုံ)*

**လဟယ် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့သို့ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ရောက်ရှိရာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**❖



တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ/Diploma ရရှိထားသူများအတွက်
ပြင်သစ်နိုင်ငံ Paris Graduate School of Management ( PGSM) မှ တိုက်ရိုက် စစ်ဆေး ချီးမြှင့်သော
BBA ဘွဲ့ကို
BIY တွင် ကုန်ကျစရိတ် သက်သာစွာဖြင့် တက်ရောက်နိုင်ပါသည်။
LCCI
abe
CIMA
MHR
BUSINESS INSTITUTE YANGON
No.(27), Ground Floor, Building (E), Pearl Condo, Kabaraye Pagoda Road, Bahan Township, Yangon.
Tel : 09 73223 777, 09 8628878, 09-253382715
Email : info@businessinstituteygn.com

ကြေးမုံစာတည်းရှုထောင့် — ၁၅-၁-၂၀၁၆၊ သောကြာနေ့

# အကြားအမြင်ဗဟုသုတများပါစေ

မြန်မာနိုင်ငံအတွင်း အသိအမြင်ဗဟုသုတများ ပေးစွမ်းနိုင်သည့်အရာများမှာ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာနှင့် စာအုပ်စာတမ်းများဖြစ်ကြပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေသန်း ၅၀ ကျော်တွင် စာတတ်သည်ဖြစ်စေ၊ စာမတတ်သည်ဖြစ်စေ ရေဒီယို၊ ရုပ်မြင်သံကြားများ ကြည့်ရှုနားထောင်ရနိုင်ကောင်းပါသည်။ မြန်မာနိုင်ငံ၌ ရေဒီယို၊ ရုပ်မြင်သံကြားပိုင်ဆိုင်သူဦးရေမှာ နိုင်ငံလူဦးရေ၏ ၆၆ ဒသမ ၃ ရာခိုင်နှုန်းရှိ၍ ကြည့်ရှုနားထောင်သူများလိမ့်မည်ဟု ယူဆပါသည်။ သတင်းစာဖတ်သူများမှာ နိုင်ငံ၏လူဦးရေနှင့် နှိုင်းစာလျှင် အလွန်နည်းသေးသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းနေနိုင်အောင် နိုင်ငံတော်က စီမံဖန်တီးပေးခဲ့ပါသည်။ အသက် (၁၅) နှစ်နှင့်အထက် စာတတ်မြောက်သူဦးရေမှာလည်း ယခုအခါ ၈၉ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ နိုင်ငံသားအများစုအနေဖြင့် အသိအမြင်ဗဟုသုတ တိုးပွားစေရန်အတွက် စာဖတ်ကြဖို့၊ သတင်းများ ကြည့်ရှုနားထောင်ကြဖို့ လိုမည်ဖြစ်ပါသည်။ သို့မှသာ မိမိအကျိုး၊ မိမိရပ်ရွာအကျိုး၊ မိမိနိုင်ငံအကျိုးများကို ပိုမိုစွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံသူ နိုင်ငံသားအများစုအဖို့ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်ထွေးနေကြ၍ စာမဖတ်၊ သတင်းကြည့်ရှု နားမထောင်ကြသည်ကို နားလည်ပါသည်။ အများစုမှာ ဖျော်ဖြေရေးနှင့် အပန်းဖြေရေးလောက်သာ အသုံးချကြသူများမည်ဖြစ်သည်။ ကိုရီးယားဇာတ်ကားများကဲ့သို့ ရုပ်ရှင်ဇာတ်လမ်းတွဲများကိုသာ အကြည့်များကြမည်ဖြစ်သည်။ အသိပညာပေးအစီအစဉ်များကိုမူ ကျော်သွားကြမည်ဖြစ်သည်။ သတင်းစာ၊ စာအုပ်၊ စာစောင်များကို အသက်ကြီးသူ၊ အားလပ်သူ၊ အလုပ်နှင့်ပတ်သက်၍ မဖြစ်မနေဖတ်ရမည့်သူများလောက်သာ ဖတ်ရှုကြမည်ဟု ထင်ပါသည်။

မျက်မှောက်ကာလ နိုင်ငံအတွင်းပြုပြင်ပြောင်းလဲမှုများနှင့် ပွင့်လင်းမြင်သာမှုရှိသော အချိန်ကာလတွင် စာပေနှင့်အသိအမြင်များမှ မိမိတို့အတွက် အကျိုးရှိမည့်အရာများကို ရှာဖွေလေ့လာကြဖို့လိုမည်ဖြစ်ပါသည်။ သိရှိမြင်သာအောင်လည်း စာပေလွတ်လပ်ခွင့်၊ သတင်းလွတ်လပ်ခွင့်များဖြင့် အားလုံးသိရှိနိုင်အောင် လွတ်လပ်စွာဖန်တီးခွင့်များလည်း ရှိနေပြီဖြစ်သည်။ ထိုရရှိထားသောအခွင့်အရေးတွင် မိမိတို့အတွက် အကျိုးဖြစ်စေနိုင်သော အရာများကိုယူ၍ အကျိုးမဖြစ်စေနိုင်သောအရာများကို ချန်လှပ်ထားရမည်ဖြစ်သည်။

ဥပမာအားဖြင့် မကြာသေးမီရက်ပိုင်းက ရခိုင်ပြည်နယ် သံတွဲမြို့နယ် အတူးကျေးရွာတွင် ရေတွင်းအတွင်းမှ အညစ်အကြေးများကို သန့်ရှင်းရေးဆင်းလုပ်သူ လူငယ်တစ်ဦး သတိလစ်မေ့မြောသွားသဖြင့် ထိုလူငယ်ကို ရေတွင်းထဲမှ ဆင်းကယ်တင်သည့် အခြားလူငယ်လေးဦး တစ်ပြိုင်တည်း သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သတင်းကို ကြားသိခဲ့ရသည်မှာ စိတ်မကောင်းဖွယ်ဖြစ်ရပါသည်။

အချို့ရေတွင်းနက်များအတွင်းတွင် အသက်ရှူနိုင်သည့် အောက်ဆီဂျင်ဓာတ် အလုံအလောက်မရှိနိုင်ကြချေ။ အောက်ဆီဂျင်မရှိသော ရေတွင်းထဲသို့ ဆင်းမိပါက အသက်ရှူရပ်သေဆုံးနိုင်သည့် ဗဟုသုတများရှိရန် လိုအပ်ပါသည်။ ရေတွင်းအတွင်းတွင် အောက်ဆီဂျင်ရှိ၊ မရှိ သိရှိနိုင်ရန် ဦးစွာဖယောင်းတိုင်ဖြစ်စေ၊ ဆီမီးတစ်ခုခုဖြစ်စေ ချထားကြည့်ပြီး မီးငြိမ်းသွားပါက အောက်ဆီဂျင်မရှိဟု ဆိုကြသည်။ ပို၍သေချာစေရန် ရေတွင်းအတွင်း လေထုကို သန့်စင်ပေးသင့်သည်၊ အောက်ဆီဂျင်ရှိသော ထိုတွင်းထဲသို့ ဆင်းသင့်သည့်ဟု ဗဟုသုတများရှိရန် လိုပါသည်။

ယခုဖြစ်စဉ်ကို ပြန်ကြည့်လျှင် ရေတွင်းသန့်ရှင်းရေးပြုလုပ်ရန်အတွက် လူ ၂၀ ခန့် ပါဝင်ဆောင်ရွက်ကြသော်လည်း ရေတွင်းထဲသို့ဆင်းလျှင် ကြုံတွေ့နိုင်သည့် ဗဟုသုတများ တစ်ဦးတစ်ယောက်တွင်မျှ မရှိကြောင်း သိသာထင်ရှားပေသည်။ ထိုသို့မရှိရခြင်းအကြောင်းမှာလည်း စာပေဗဟုသုတများကို လေ့လာလိုက်စားခြင်းမရှိခဲ့သည်မှာလည်း သေချာပါသည်။

ထို့ကြောင့် ထိုကဲ့သို့သောဖြစ်စဉ်မျိုးသာမက အခြားမှတ်သားလိုက်နာသင့်သည် အချက်များအပြင် မိမိတို့၏လူမှုဘဝ တိုးတက်ရာတိုးတက်ကြောင်းများအတွက် အသိအမြင်တိုးပွားစေရန် ကျေးလက်များတွင် စာပေဖတ်ရှုသော အလေ့အထကောင်းများ တိုးပွားလာရေး သက်ဆိုင်ရာ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများက ကြိုးပမ်းဖန်တီးဖော်ဆောင်ပေးရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။ ။

## ဗောဓိတစ်ထောင် ထိုင်တော်မူရုပ်ပွားတော်ကြီးတည်ထားမှု ၆၀ ရာခိုင်နှုန်းပြီးစီး

**မုံရွာ ဇန်နဝါရီ ၁၄**


မုံရွာမြို့နယ် မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေတွင် မဟာဗောဓိတစ်ထောင် ဆရာတော်ကြီးပျံလွန်တော်မမူခင်က ဆန္ဒရှိခဲ့သည့်အတိုင်း လက်ရှိရပ်တော်မူနှင့် လျောင်းတော်မူ ရုပ်ပွားတော်ကြီးများ၏ အရွယ်အစားအတိုင်း ထိုင်တော်မူသည့်ဟန် ရုပ်ပွားတော်ကြီးကို ဗန္ဓုဝတောင်ကုန်းတော်ပေါ်၌ တည်ထားလျက်ရှိရာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး လာမည့် တစ်နှစ်တာကာလအတွင်း အပြီးတည်ထားနိုင်ရန် အလှူရှင်များစုပေါင်း၍ ဆောင်ရွက်နေကြောင်း သိရသည်။

"ဗောဓိတစ်ထောင် ဆရာတော်ကြီး ဆန္ဒရှိတော်မူခဲ့တဲ့ ထိုင်တော်မူရုပ်ပွားတော်ကြီးကို ဗန္ဓုဝတောင်ပေါ်မှာ (ဉာဏ်တော် ၂၃၄ ပေ) တည်နေပါတယ်။ လေးကျွန်းစကြာ ထိုင်တော်မူဘုရားကြီးကို တည်ထားဖို့ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၄ ရက်က ပန္နက်တော်တင်ခဲ့တာပါ။ ဆရာတော်ကြီး (၈၅) နှစ်ပြည့် မွေးနေ့ပွဲမှာ အလှူငွေပေးအပ်ပွဲကို ကျင်းပမှာဖြစ်ပြီး တစ်နှစ်အတွင်း ပြီးအောင်တည်ထားမည်ဖြစ်ရာ အခု ၆၀ ရာခိုင်နှုန်းလောက်ပြီးနေပါပြီ" ဟု မုံရွာမြို့နယ် အုပ်ချုပ်ရေးမှူးဦးညွန့်စိုးက ပြောသည်။

မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာထိုင်တော်မူ ရုပ်ပွားတော်ကြီး တည်ထားရာတွင် ကြာပလ္လင်မှာ တောင်နှင့်မြောက် ပေ ၂၄၀၊ အရှေ့နှင့်အနောက် ၉၃ ပေနှင့် အမြင့် ၂၇ ပေရှိပြီး တင်ပါးတော်နှင့် ရှေ့ဒူးခွင်မှာ ပေ ၁၀၀ ကျယ်ကာ တင်ပါးတော် ပေ ၆၀၊ ဉာဏ်တော် ၂၀၇ ပေ စုစုပေါင်း ရုပ်ပွားတော်အမြင့်မှာ ၂၃၄ ပေ ရှိကြောင်း သိရသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ရုပ်ပွားတော်ကြီးကို ပန္နက်တင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် တွင်းတော်ဝန်းမင်္ဂလာကို ကျင်းပခဲ့ကြောင်း သိရသည်။

ရုပ်ပွားတော်ကြီးသည် ၁၁ ထပ်ရှိမည်ဖြစ်ပြီး ဦးခေါင်းတော်တန်ဖိုးကျပ်သိန်း ၇၅၀ အပါအဝင် ကျပ်သိန်း ၇၈၀၀ ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



မုံရွာမြို့ရှိ ရပ်တော်မူနှင့်လျောင်းတော်မူ ရုပ်ပွားတော်များကို တွေ့ရစဉ်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၄**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၅၄၀၀၀ | - | ၇၅၄၀၀၀ |
| မန္တလေး(ရွှေဈေး) | ၇၅၃၅၀၀ | - | ၇၅၃၅၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၅၇၀/၆၀၀ ကျပ်၊ | ၆၃၀/၆၆၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၈၂၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၆၀၀/၆၂၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၄၁ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၉.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၁၄.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၅၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅.၇၉၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅.၀၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၄၀၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၀၇.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇.၃၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၁.၁၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၃.၁၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေး သင်တန်းများဖွင့်လှစ်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

တိုးတက်လာသော ခရီးသည်ဝင်ရောက်မှုနှင့်အတူ အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများပေးနိုင်ရန်နှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရယူနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (အခြေခံ)သင်တန်းများ၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများအပြင် လုပ်ငန်းခွင်မပျက် ကာလတိုဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ရွှေဘိုခရိုင်အတွင်း ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ) သင်တန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

၂၀၁၁ ခုနှစ်မှစတင်၍ လက်ရှိအချိန်အထိ ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ) သင်တန်းအမှတ်စဉ် (၁၈) ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၉၆၇ ဦးနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အမှတ်စဉ်(၂၇) ခုမှ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၄၀၆၀ ကို ပို့ချပေးနိုင်ခဲ့ပြီး လုပ်ငန်းခွင်မပျက် ဟိုတယ်ဝန်ဆောင်မှု ကာလတိုသင်တန်းများမှ ဝန်ထမ်းပေါင်း ၄၇၈၁ ဦးကို သင်တန်းများ ပို့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ) သင်တန်းကို မြစ်ကြီးနားတွင် ဇန်နဝါရီအတွင်း၌ လည်းကောင်း၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု ရက်တိုသင်တန်းများကို ခရီးစဉ်ဒေသများတွင်လည်းကောင်း ဆက်လက်ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

❒ရှေ့ဖုံးမှ

တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ လက်တွဲဖော်ဆောင်သွားကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ရလဒ်အဖြစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေအနေကောင်းများ၊ အလားအလာကောင်းများ ပေါ်ထွန်းနေပြီဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးက ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်ရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေး၊ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းကလည်း စည်းလုံးညီညွတ်စွာဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

■



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟုမ္မလင်းမြို့ပေါ်ရှိ ရှမ်းနီ၊ နာဂနှင့် ချင်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ လဟယ်မြို့၌ ဒေသဦးစီးရုံးအသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဒေသခံတိုင်းရင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❖ **နိုင်ငံတော်သမ္မတမှ**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဟုမ္မလင်းမြို့ ချင်းတွင်းရိပ်သာ၌ တာဝန်ရှိသူများက နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဧပြီ ၆ ရက်မှ ၈ ရက်အထိ ခရီးစဉ်အတွင်း ညွှန်ကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဟုမ္မလင်းမြို့တွင် ဝိဇ္ဇာ၊ သိပ္ပံကောလိပ်များဖွင့်လှစ်ရေး၊ စိုက်ပျိုးရေးသင်တန်းကျောင်း၊ လူငယ်သင်တန်းကျောင်း၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် မြို့နယ်အတွင်း ရော်ဘာနှင့် လက်ဖက်စိုက်ပျိုးမှုတိုးချဲ့ရေးတို့နှင့်ပတ်သက်၍ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ဟုမ္မလင်းမြို့ပေါ်ရှိ ရှမ်းနီ၊ နာဂနှင့် ချင်းတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက နာဂရိုးရာ ဂျပ်ခုတ်စောင်၊ ချင်းရိုးရာ အနွေးထည်၊ ရှမ်းနီရိုးရာ ခေါင်းပေါင်းနှင့် စလွယ်ခြားတို့ကို ဝတ်ဆင်ပေးကြပြီး စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟုမ္မလင်းမြို့မှ ခန္တီးမြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြပြီး ရဟတ်ယာဉ်များဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့သို့ ဆက်လက်ထွက်ခွာကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့သို့ ရောက်ရှိကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှူစံကြူးနှင့် နာဂတိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် လဟယ်မြို့ရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးအသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှူစံကြူးတို့က ဦးစီးအဖွဲ့ရုံးအသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးအသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရုံးအသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရုံးအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လဟယ်မြို့ ကျလွေချောင်း အသေးစားရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှူစံကြူးနှင့် နာဂဒေသပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ကျလွေချောင်း အသေးစားရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက စက်ရုံမှခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဓာတ်အားပေးခလုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ စက်ရုံတည်ဆောက်သည့် ထက်ကဗျာကုမ္ပဏီမှ တာဝန်ရှိသူများက စက်ရုံဖွင့်လှစ်တည်ဆောက်မှုနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး နာဂဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။



နာဂတိုင်းရင်းသားများ။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးကပြောကြားရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာပေါင်း ၂၆၆ ရွာ ရှိသည့်အနက် ၂၀၁၀ ခုနှစ် မတိုင်မီက ရေအားဖြင့် ၁၀ ရွာ၊ ဆိုလာစနစ်ဖြင့် တစ်ရွာ လျှပ်စစ်မီးရရှိခဲ့ပြီး မိမိတို့ အစိုးရသက်တမ်း ၅ နှစ်ကာလအတွင်း ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယနေ့တွင် ရေအားဖြင့် ၃၇ ရွာ၊ ဒီဇယ်စက်ဖြင့် တစ်ရွာ၊ ဆိုလာစနစ်ဖြင့် ၁၄၄ ရွာ စုစုပေါင်း ၁၈၃ ရွာ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ပြီဖြစ်ပါကြောင်း၊ ယခု လဟယ်မြို့နယ်တွင်လည်း ယခင်က ၂၅ ကေဗွီအေ ဒီဇယ်စက်နှင့် ၅၀ ကီလိုဝပ် ရေအားလျှပ်စစ်စက်ဖြင့် အချိန်ပိုင်းသာ လျှပ်စစ်မီးရရှိခဲ့ပါကြောင်း။


ယခုတည်ဆောက်ပြီးစီးသည့် ကျလွေချောင်း ရေအားလျှပ်စစ်စက်ရုံကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် တည်ဆောက်ပြီးစီး၍ ဓာတ်အားစတင်ပို့လွှတ်နိုင်ခဲ့ပါကြောင်း။

စက်တပ်ဆင်အင်အား ၁၅၀ ကီလိုဝပ်ဖြင့် ၂၄ နာရီ ဓာတ်အားရရှိခဲ့ပြီး လဟယ်မြို့ ပြည်သူများသည်လည်း လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ပြီဖြစ်ပါကြောင်း ပြောကြားသည်။

နာဂဒေသအတွင်း ယခုကျလွေချောင်း ရေအားလျှပ်စစ်စက်ရုံအပါအဝင် ရေအားလျှပ်စစ်စက်ရုံပေါင်း သုံးရုံတိုးချဲ့တည်ဆောက်ခဲ့ပြီး ခန္တီးမြို့နယ်အတွင်း နှစ်မဂ္ဂါဝပ်ထွက်ရှိမည့် ဟုန်းညိုရေအားလျှပ်စစ်စက်ရုံကိုလည်း တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစက်ရုံပြီးစီးပါက ခန္တီးမြို့အပြင် နာဂဒေသများတွင်လည်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ပါ ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျလွေချောင်း အသေးစားရေအားလျှပ်စစ်စက်ရုံကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)





နာဂတိုင်းရင်းသားများ။ (သတင်းစဉ်)

○ ○ ○

| ထူးခြားသည့် ညအပူချိန်များ | ဟားခါး | ပင်လောင်း | ပူတာအို | နမ့်စန် | လွိုင်လင် | ဟဲဟိုး | ပြင်ဦးလွင် |
|---|---|---|---|---|---|---|---|
| | -၃ ဒီဂရီစင်တီဂရိတ် | -၁ ဒီဂရီစင်တီဂရိတ် | ၂ ဒီဂရီစင်တီဂရိတ် | ၂ ဒီဂရီစင်တီဂရိတ် | ၂ ဒီဂရီစင်တီဂရိတ် | ၃ ဒီဂရီစင်တီဂရိတ် | ၃ ဒီဂရီစင်တီဂရိတ် |

# အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွား၍ အနည်းဆုံးလူ ခုနစ်ဦးသေဆုံး

**ဂျကာတာ ဇန်နဝါရီ ၁၄**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် သေနတ်ပစ်ခတ်မှုများအပါအဝင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူခုနစ်ဦး သေဆုံးခဲ့ပြီး ၁၀ ဦးခန့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဒေသန္တရသတင်းများအရ သိရသည်။

ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီအချိန်တွင် ဂျကာတာမြို့ရှိ လူစည်ကားသော ဈေးဝယ်စင်တာတစ်ခုအပြင်ဘက် ရဲကင်းတစ်ခုအနီးတွင် အဆိုပါပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။ ယင်းဖောက်ခွဲမှုများကို အိုင်အက်စ်စစ်သွေးကြွ အဖွဲ့ဝင်များက ကျူးလွန်ခဲ့ဖွယ်ရှိကြောင်း ရဲအရာရှိများက ထင်ကြေးပေးကြသည်။

လက်ပစ်ဗုံးအသွင်သဏ္ဌာန်ရှိသော ပစ္စည်းများနှင့်ဗုံးတစ်လုံးကိုလက်နက်ကိုင်အကြမ်းဖက်သမားတစ်စုက ရဲလုံခြုံရေးကင်းတစ်ခုအနီးတွင် ထောင်ထားခဲ့ပြီး ရဲအရာရှိများနှင့် အပြန်အလှန်ပစ်ခတ်မှုများကြောင့် အကြမ်းဖက်သမား ငါးဦးအပါအဝင် လူခုနစ်ဦး သေဆုံးကာ လူ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောလက အင်ဒိုနီးရှားနိုင်ငံအတွင်း ဗုံးများထောင်ထားသည်ဟု စွပ်စွဲချက်ဖြင့် အင်ဒိုနီးရှားရဲများက အိုင်အက်စ်စစ်သွေးကြွထောက်ခံအားပေးသူများ အပါအဝင် အကြမ်းဖက်သမားကိုးဦးကို ဖမ်းဆီးခဲ့သည်။




ယခုဖောက်ခွဲမှုတွင် အိုင်အက်စ်အဖွဲ့ထောက်ခံသူများ ပါဝင်ပတ်သက်ဖွယ်ရှိကြောင်း ရဲအရာရှိများက ဆိုသည်။

ယခုအကြမ်းဖက်မှုတွင် သေဆုံးခဲ့သော အရပ်သားပြည်သူများအတွက် ဝမ်းနည်းကြေကွဲကြောင်းနှင့် ယခုကဲ့သို့ ဗုံးထောင်ဖောက်ခွဲခြင်းသည် အကြမ်းဖက်မှုများ နိုင်ငံအတွင်း ပျံ့နှံ့စေရန် ရည်ရွယ်သည့်အနေဖြင့် ကျူးလွန်ခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားသမ္မတ ဂျိုကို ဝီဒိုဒိုက သမ္မတရုံးထုတ်ပြန်ချက်တွင် ထည့်သွင်းရေးသားခဲ့သည်။ အင်ဒိုနီးရှား ပြည်သူများအနေဖြင့် ထိုကဲ့သို့သော အကြမ်းဖက်မှုများကို မကြောက်ရွံ့သင့်ကြောင်း သမ္မတ ဂျိုကို ဝီဒိုဒိုက ၎င်း၏ထုတ်ပြန်ကြေညာချက်တွင် ပြောကြားခဲ့သည်။

ယခုအကြမ်းဖက်မှုများသည် ဂျပန်သံရုံးနှင့် အစိုးရရုံးအဆောက်အအုံများ၏ အနီးဝန်းကျင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အထူးစစ်ဆင်ရေးလုပ်ငန်းများဆိုင်ရာတပ်ဖွဲ့ဝင်များကို အမေရိကန်က အီရတ်သို့ စေလွှတ်ပြီ

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

အမေရိကန် အထူးစစ်ဆင်ရေးလုပ်ငန်းများ တပ်ဖွဲ့ဟု အမည်ပေးထားသော တပ်ဖွဲ့သစ်မှ တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံသို့ ရောက်ရှိသွားကြပြီဖြစ်ကြောင်း၊ ၎င်းတို့သည် အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်) စစ်သွေးကြွအဖွဲ့၏ ပစ်မှတ်များကို ရှာဖွေကာ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ဇန်နဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် အိုင်အက်စ်အဖွဲ့အား ချေမှုန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်သည့် လက္ခဏာအဖြစ် အထူးစစ်ဆင်ရေးလုပ်ငန်းများ တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကို အီရတ်သို့ စေလွှတ်ခြင်းဖြစ်ကြောင်း၊ ယင်းတပ်ဖွဲ့ဝင်များသည် အီရတ်တပ်ဖွဲ့ဝင်များနှင့်အတူ အိုင်အက်စ်အဖွဲ့နှင့် သက်ဆိုင်နေသော ပစ်မှတ်များကို ရွေးချယ်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကာတာက ပြောကြားသည်။



အီရတ်နိုင်ငံသို့ အထူးစစ်ဆင်ရေးလုပ်ငန်းများဆိုင်ရာ တပ်ဖွဲ့ဝင်များ စေလွှတ်ပေးမည်ဟု ဒီဇင်ဘာလအတွင်း မိမိထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ယခုအခါ ၎င်းတို့ကို အီရတ်သို့ စေလွှတ်လိုက်ပြီး အိုင်အက်စ်တပ်မှူးများနှင့် တိုက်ခိုက်ရေးသမားများကို ချေမှုန်းနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သည့်လုပ်ငန်းကို အီရတ်တပ်ဖွဲ့နှင့် လက်တွဲလုပ်ဆောင်မည်ဖြစ်ကြောင်း ကာတာက ကင်တပ်ကီပြည်နယ် ဖို့ကမ့်ဘဲ တပ်စခန်း၌ အမေရိကန်တပ်ဖွဲ့ဝင်များကို ပြောကြားသည်။

အီရတ်သို့ စေလွှတ်လိုက်သော အမေရိကန် တပ်ဖွဲ့မှာ အင်အား ၂၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ အိုင်အက်စ်အဖွဲ့အပေါ် အမေရိကန်က စစ်ရေးအရဖိအားပေးသည့် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**

# အယ်လ်ဂျာဇီးယား၏ အမေရိကရုပ်သံဌာန မကြာမီ ပိတ်သိမ်းတော့မည်ဟုဆို



ကာတာနိုင်ငံအခြေစိုက် အယ်လ်ဂျာဇီးယား၏အမေရိက ရုပ်မြင်သံကြားဌာနကို တွေ့ရစဉ်။

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

ကာတာနိုင်ငံအခြေစိုက် အယ်လ်ဂျာဇီးယား၏အမေရိက ရုပ်မြင်သံကြားဌာနကို ဧပြီ ၃၀ ရက်ထက် နောက်မကျဘဲ ပိတ်သိမ်းမည်ဖြစ်ကြောင်း အဆိုပါ ရုပ်မြင်သံကြားဌာနက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

အယ်လ်ဂျာဇီးယား၏အမေရိကရုပ်မြင်သံကြားဌာနသည် အမေရိကန် မီဒီယာဈေးကွက်တွင် စီးပွားရေးအရ စိန်ခေါ်မှုများနှင့် တွေ့ကြုံနေရသဖြင့် လုပ်ငန်းပိတ်သိမ်းရခြင်းဖြစ်သည်ဆို၏။

ကာတာနိုင်ငံ၏တော်ဝင်မိသားစုက ထိန်းချုပ်သော ကေဘယ်ရုပ်မြင်သံကြားသတင်းဌာနဖြစ်သည့် အယ်လ်ဂျာဇီးယားသည် အမေရိကန်ပြည်ထောင်စု၌ ရုံးခွဲဖွင့်လှစ်ခဲ့မှု သုံးနှစ်ပင် မပြည့်သေးချိန်တွင် ပြန်လည်ပိတ်သိမ်းရန် စီစဉ်ခြင်းဖြစ်သည်။

လွန်ခဲ့သည့် နွေရာသီ အခြေပြစာရင်းအရ အဆိုပါရုပ်မြင်သံကြားဌာနတွင် ဝန်ထမ်း ၈၀၀ ခန့်ရှိခဲ့ကြောင်း အမည်မဖော်သူဝန်ထမ်းဟောင်းတစ်ဦးက ပြောကြားသည်။

အယ်လ်ဂျာဇီးယား ရုပ်မြင်သံကြားဌာနကို ကာတာနိုင်ငံအခြေစိုက် အယ်လ်ဂျာဇီးယား မီဒီယာကွန်ရက် အမည်ရှိ ကုမ္ပဏီက ပိုင်ဆိုင်သည်။

**ရိုက်တာ။**

# နှစ် ၁၂၀၀ သက်တမ်းရှိ တိဘက် ရှေးဟောင်းဘုန်းတော်ကြီးကျောင်း ပြန်လည်မွမ်းမံမည်

**လာဆာ ဇန်နဝါရီ ၁၄**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နှစ် ၁၂၀၀ သက်တမ်းရှိသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို ဗဟိုအစိုးရ၏ရန်ပုံငွေများဖြင့် ပြုပြင်မည်ဖြစ်ကြောင်း သိရသည်။

ဒေသန္တရယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဗျူရိုမှ တာဝန်ရှိသူတစ်ဦး၏ အဆိုအရ လာဆာမြို့တော်တွင်တည်ရှိသည့် ရှီဒီလင် ဘုန်းတော်ကြီးကျောင်း ပြုပြင်မှုလုပ်ငန်းကို မတ်လ နှောင်းပိုင်းတွင်စတင်ကာ ယွမ် ၁၅ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၈ သန်း) ကုန်ကျမည်ဟု မျှော်မှန်းထားသည်။

ဒေသတွင်း ဗိသုကာကုမ္ပဏီတစ်ခုက ပြုပြင်မွမ်းမံမှုများ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ပြုပြင်မှုလုပ်ငန်းများကို ဓာတ်ပုံဟောင်းများအပေါ် အခြေခံမည်ဖြစ်ပြီး ဘုန်းတော်ကြီးကျောင်း၏ မူလအသွင်အပြင်နှင့်အနုပညာလက်ရာများကို ထိန်းသိမ်းသွားမည်ဖြစ်သည်။

ခိုင်ခံ့မှုမရှိတော့သည့် နံရံများကို ဖြိုချကာအစားထိုးမည်ဖြစ်ပြီး အသေးစားအက်ကြောင်းများကို ပြင်ဆင်မည်ဖြစ်သည်။ ပြင်ဆင်မှုကာလအတွင်း နံရံပန်းချီကားများကို ကာကွယ်စောင့်ရှောက်ရန် ကျွမ်းကျင်သူများကို တာဝန်ပေးမည်ဖြစ်သည်။ ရှီဒီလင်ဘုန်းတော်ကြီးကျောင်းကို ၉ ရာစုအတွင်းက တည်ဆောက်ခဲ့ပြီး ၁၉၃၃ ခုနှစ်တွင် (၁၃) ဦးမြောက် ဒလိုင်းလားမားသေဆုံးပြီးနောက် တိဘက်ဒေသ၏ နိုင်ငံရေးနှင့် ဘာသာရေးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦး နေထိုင်ရာနေရာဖြစ်ကြောင်းသိရသည်။ **ဆင်ဟွာ။**

# မြောက်ကိုရီးယားအား အရေးယူပိတ်ဆို့မှုထပ်မံပြုလုပ်ရေး အမေရိကန်သမ္မတ စဉ်းစားနေ

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဖောက်ခွဲစမ်းသပ်မှုတစ်ရပ် ပြုလုပ်ခဲ့ခြင်းအပေါ် အရေးယူပိတ်ဆို့မှု အများအပြားဖြင့် တုံ့ပြန်ရန် အမေရိကန် သမ္မတ အိုဘားမားက စဉ်းစားသုံးသပ်လျက်ရှိကြောင်း ဇန်နဝါရီ ၁၄ ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယား၏ အဏုမြူဖောက်ခွဲစမ်းသပ်မှုအပေါ် တုံ့ပြန်ရေးသည် အမေရိကန်သမ္မတအတွက် ကြီးမားသော ဦးစားပေး ကိစ္စတစ်ရပ်ဖြစ်ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေး အကြံပေးအဖွဲ့ ဒုတိယအကြီးအကဲ ဘန်ရို့ဒ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ အမေရိကန် သမ္မတအိုဘားမားသည် ယင်းဖြစ်စဉ်ဖြစ်ပွားပြီးနောက် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံမှ ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ဇန်နဝါရီ ၆ ရက်က ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်ဖောက်ခွဲမှုမှာ အောင်မြင်ကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ ထုတ်ပြန်ကြေညာချက်သည် ၎င်းနိုင်ငံအပေါ် ကုလသမဂ္ဂကချမှတ်ထားသည့် စည်းမျဉ်းများကို ချိုးဖောက်ရာရောက်ကြောင်း၊ အဆိုပါ နျူကလီးယားဖောက်ခွဲမှုမှာ ဟိုက်ဒရိုဂျင် ဗုံးဖောက်ခွဲမှု ဟုတ်၊ မဟုတ် အမေရိကန်က သံသယပွားရကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# မြန်မာနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**ဘရူနိုင်းဒါရူဆလမ်နိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ကျွန်ုပ်အနေဖြင့် အဆွေတော်ထံသို့ လည်းကောင်း၊ မြန်မာအစိုးရနှင့် ပြည်သူများထံသို့လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆင်နာလ်ဘိုလ်ကီးယား မူအင်ဇာအင် ဝါဒူလာက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပေးပို့သည်။

ကျွန်ုပ်အနေဖြင့် နှစ်နိုင်ငံကြား ကာလကြာရှည်စွာ တည်ရှိခဲ့သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် များစွာကျေနပ်အားရမိပြီး လွန်ခဲ့သောနှစ်များအတွင်း နှစ်နိုင်ငံမိတ်ဖက်များအဖြစ်သာမက အာဆီယံအဖွဲ့အတွင်း အတူတကွ ဆောင်ရွက်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ တန်ဖိုးထားသည့် ချစ်ကြည်သော ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ခိုင်မြဲလာအောင် ကြိုးပမ်းခဲ့သည့် အဆွေတော်၏ အားထုတ်မှုအပေါ် များစွာကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်အနေဖြင့် အဆွေတော်အား ပျော်ရွှင်ဖွယ်အထိမ်းအမှတ် အခါသမယဖြစ်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ကမ္ဘောဒီးယားနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘောဒီးယားဘုရင် နိုရိုဒွန် သီဟာမိုနီက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းဝေစည် သာယာဝပြောပါစေကြောင်း ကမ္ဘောဒီးယားပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်သဝဏ်လွှာနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ယမန်နှစ်အတွင်း ကျွန်ုပ်တို့ပြည်သူများကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးမှာ ခိုင်မာတိုးတက်လာသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်မိပြီး မိမိတို့နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများမှာလည်း လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်လာမည့်ဟု အပြည့်အဝယုံကြည်ပါသည်။

**အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အယ်လ်ဂျီးရီးယားပြည်သူများနှင့် အစိုးရကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ သာယာဝပြောပါစေကြောင်း အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ အဗ္ဗဒဲလ်အာဇစ် ဘူတီဖလီကာက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သဝဏ်လွှာပေးပို့သည်။

အခါအခွင့်ကြုံခိုက် မိမိတို့နှစ်နိုင်ငံပြည်သူများ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေးအတွက် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ အမ်ဒီ အဗ္ဗဒူလ် ဟာမစ်က သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးသည် တိုးတက်လာလျက်ရှိသည်။ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် မြန်မာနိုင်ငံနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အဆင်သင့်ရှိပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ခင်မင်ရင်းနှီးဖွယ်ကောင်းသော မြန်မာပြည်သူများလည်း ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော လွတ်လပ်ရေးနေ့ အချိန်အခါတွင် အဆွေတော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့သခွင့်ရရှိသည့်အတွက် မိမိအနေဖြင့် များစွာဝမ်းမြောက်မိပါကြောင်း ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ မမ်နွန် ဟူစိန်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး တိုးတက်ဖြစ်ပေါ်လျက်ရှိပါသည်။ မိမိတို့နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူများအတွက် လာမည့်နှစ်များတွင်လည်း ပိုမိုတိုးတက်လာမည်ဟု မိမိယုံကြည်ပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး မြန်မာပြည်သူပြည်သားများလည်း သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

## စမ်းချောင်းမြို့နယ် ရှမ်းလမ်းဈေး (ဂွဈေး) အနီး မီးလောင်ကျွမ်းခံခဲ့ရသည့်နေအိမ်များကို မူလနေရာတွင် ပြန်ချပေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတော (မြောက်)ရပ်ကွက် ရှမ်းလမ်းဈေး (ဂွဈေး) အနီး ဇန်နဝါရီ ၁၁ ရက် မီးလောင်မှုဖြစ်စဉ်အတွင်း လောင်ကျွမ်းခံခဲ့ရသည့် နေအိမ်များကို မူလနေရာတွင် ပြန်လည်နေရာချထားပေးသွားမည် ဖြစ်ကြောင်း စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"မီးလောင်ခံခဲ့ရတဲ့အိမ်တွေကိုမူလအတိုင်း အမြန်ဆုံးပြန်လည်နေရာချထားပေးဖို့စီစဉ်နေတယ်။ အချိန်အကြာကြီး ဆွဲမထားပါဘူး။ ခရိုင်အစည်းအဝေးမှာလည်း တင်ပြထားပြီးပါပြီ။ မီးလောင်ပြင်ကို သန့်ရှင်းရေးအရင်လုပ်မယ်။ ပြီးရင်စည်ပင်မှာရှိတဲ့ မူလမြေအကျယ်အဝန်းအတိုင်း မြေတိုင်းပြီး တစ်ပြိုင်တည်းချပေးသွားမှာပါ။ အလှူခံရရှိထားတဲ့ငွေတွေကိုလည်း မီးဘေးသင့်မိသားစုဝင်တွေကို ပြန်လည်ခွဲဝေပေးသွားမယ်။ လုပ်စရာရှိတာတွေကို ဥပဒေနဲ့အညီအမြန်ဆုံး ဆောင်ရွက်ပေးသွားမှာပါ" ဟု စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်က ပြောသည်။



ရှမ်းလမ်းမွှာရုံတွင် ယာယီမီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည်ကိုတွေ့ရစဉ်။

အဆိုပါမီးလောင်မှုတွင် အိမ်ခြေ ၁၄ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၂၉ စု လူဦးရေ ၁၃၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသဖြင့် လင်းလွန်း (မြောက်)ရပ်ကွက်ရှိ ရှမ်းလမ်းမွှာရုံတွင် သက်ဆိုင်ရာက ယာယီမီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိရာ အလှူရှင်များက နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိသည်။

"အိမ်သုံးပစ္စည်း၊ အစားအသောက်နဲ့ ငွေတွေကိုလည်း အလှူရှင်တွေ လာရောက်လှူဒါန်းနေလို့ အားလုံးအဆင်ပြေပါတယ်။ သက်ဆိုင်ရာက နေရာပြန်လည်ချထားပေးတဲ့အခါမှာ မူလနေရာတွေအတိုင်း ပြန်လိုချင်ပါတယ်။ အမြန်ဆုံးနေရာချပေးဖို့ မျှော်လင့်တယ်။ မီးလောင်တဲ့အထဲ အကုန်ပါသွားတော့ နေရာတွေ ပြန်ရရင်တောင် အိမ်ပြန်ဆောက်ဖို့ အခက်အခဲကတော့ ရှိနေဦးမှာပါ"ဟု မီးဘေးသင့်ပြည်သူ ဦးငွေလှက ဆိုသည်။

မီးဘေးသင့်ပြည်သူများ ပိုမိုလုံခြုံမှုရှိစေရန် ဇန်နဝါရီ ၁၆ ရက်တွင် လတ်တလော ယာယီမီးဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့်နေရာမှ မုန့်လက်ဆောင်းကုန်း (တောင်) ရပ်ကွက် ကျွန်းတောလမ်းရှိ ဦးဥတ္တမသာရ ကျောင်းတိုက်သို့ ရွှေ့ပြောင်း၍ သက်ဆိုင်ရာက ကူညီစောင့်ရှောက်မှုများ ဆက်လက်ပြုလုပ်သွားရန် စီစဉ်ထားသည့်အပြင် ဇန်နဝါရီ ၁၇ ရက်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာကို သန့်ရှင်းရေးဆောင်ရွက်မှုများ စတင်ပြုလုပ်သွားမည်ဖြစ်ပြီး ပြီးစီးပါက မြေတိုင်းတာစစ်ဆေးမှုများပြုလုပ်၍ မူလနေရာအတိုင်း နေရာပြန်လည်ချထားပေးသွားမည်ဖြစ်ကြောင်း အဆိုပါမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ ဇော်ကြီး(ပဏ္ဍိတ)**

၀၀၀

## မီးလောင်ကျွမ်းမှုတွင်မပါဝင်သည့်ဆိုင်ခန်းများမှ ဆိုင်ခန်းပိုင်ရှင်များ ပစ္စည်းများကိုသယ်ယူလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့ရှိ အဆင့်မြင့်မင်္ဂလာဈေးတွင် ဇန်နဝါရီ ၉ ရက် နံနက် ၁ နာရီကျော်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်ကျွမ်းမှုတွင် မပါဝင်သည့် မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်တို့ရှိ ဆိုင်ခန်းများမှ ပစ္စည်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၊ အဆင့်မြင့်မင်္ဂလာဈေး ဈေးသာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ရွှေ့ပြောင်းပေးလျက်ရှိရာ မြေညီထပ်မှဆိုင်ခန်း ၈၄၉ ခန်းရှိ ပစ္စည်းများကို ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ထုတ်ပေးလျက်ရှိပြီး ပထမထပ်မှဆိုင်ခန်း ၇၉၁ ခန်းရှိ ပစ္စည်းများကို ဇန်နဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ ဆက်လက်ထုတ်ပေးလျက်ရှိရာ ဈေးသူဈေးသားများက ၎င်းတို့၏ပစ္စည်းများကို မော်တော်ယာဉ်များဖြင့် စနစ်တကျ အသီးသီးသယ်ယူလျက်ရှိသည်။

ဒုတိယထပ်မှဆိုင်ခန်း ၇၉၁ ခန်းမှပစ္စည်းများကို ဇန်နဝါရီ ၁၅ရက်မှ ၁၆ ရက်ထိလည်းကောင်း၊ ကျန်ဆိုင်ခန်းများကို ဇန်နဝါရီ ၁၇ ရက်တွင်လည်းကောင်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

အဆင့်မြင့် မင်္ဂလာဈေးမီးလောင်မှုဖြစ်စဉ်အတွင်း တတိယထပ်၊ စတုတ္ထထပ်နှင့် အပေါ်ဆုံးထပ်ရှိဆိုင်ခန်းများ မီးလောင်ကျွမ်းခဲ့မှုကြောင့် အဆောက်အအုံ၏ ကြံ့ခိုင်မှုအပိုင်း အားနည်းသွား၍ ဈေးသစ်တည်ဆောက်ရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဈေးသစ်ပြန်လည်တည်ဆောက်နိုင်ရန်အတွက် မြေညီထပ်မှ ပဉ္စမထပ်ရှိ ဆိုင်ခန်းပေါင်း ၄၀၆၇ ခန်းကို မင်္ဂလာဈေးဝင်းအတွင်းရှိ ရွှေမင်္ဂလာဈေး တတိယထပ်မှ ပဉ္စမထပ်ရှိ ယာဉ်ရပ်နားနေရာ၊ ရွှေပြည့်စုံဈေး စတုတ္ထထပ်ရှိ လစ်လပ်နေရာနှင့် မင်္ဂလာမွန်ဈေးရှေ့မျက်နှာစာ ယာဉ်ရပ်နားနေရာတို့တွင် ၅ပေ× ၅ပေ ဆိုင်ခန်းနေရာများစီစဉ်၍ ယာယီနေရာချထားပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ သိရသည်။

**(သတင်းနှင့် ဓာတ်ပုံ - ဇော်မင်းလတ်)**



# နိုင်ငံသားတိုင်း၏ တာဝန်ကြီးတစ်ရပ်ဖြစ်လာသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်
(သစ်တောတက္ကသိုလ်)

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် မိုးတွင်းကာလက ထူးကဲစွာဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အမြန်ဆုံး ထိရောက်စွာဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်ပါသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများသည် ကမ္ဘာတစ်ဝန်းဖြစ်ပေါ်လျက်ရှိပြီး ကမ္ဘာကြီး ပူနွေးလာခြင်းသည်လည်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုများပြားလာခြင်းကြောင့်ဖြစ်သည်ကို စာရှုသူများ သိရှိကြပြီးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကမ္ဘာ့အပူချိန်မြင့်တက်မှုဟန့်တားနိုင်ရေးအတွက် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာညီလာခံကို ၂၀၁၅ နှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၁၁ ရက်နေ့အထိ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည်။ ရာသီဥတုပြောင်းလဲမှုတားဆီးရေးနှင့်ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူးကျင်းပခဲ့သည်မှာ (၂၁)ကြိမ်ရှိပြီဖြစ်သဖြင့် ယင်းညီလာခံကို COP-21 (Conference of Parties - 21) ဟုခေါ်သည်။ အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ပညာရှင်များတက်ရောက်ခဲ့ကြပြီး အများသဘောတူဆုံးဖြတ်ခဲ့သည့် အချက်များအနက် အဓိကအချက်သည် ကမ္ဘာ့အပူချိန်ကို စက်မှုခေတ်မတိုင်မီကာလ (pre-industrial time)က ရှိခဲ့သည့် အပူချိန်ထက် ၂ °C ပို မတက်စေရန် (ဖြစ်နိုင်ပါက ၁. ၅ °C ထက် ပိုမတက်စေရန်) ထိန်းသိမ်းရေးဖြစ်သည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ်မှစ၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးနှင့် သက်ဆိုင်သည့် ဆောင်ရွက်ချက်များကို ငါးနှစ်တစ်ကြိမ် အစီရင်ခံရမည်ဆိုသည့် သဘောတူညီချက်လည်း ပါဝင်ခဲ့သည်။

**ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုများနှင့် မြန်မာနိုင်ငံ**

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ၏ ထိခိုက်မှုဒဏ်(Impact)ကို မြန်မာနိုင်ငံသည်လည်း အခြားနိုင်ငံများနည်းတူ ခံစားရလျက်ရှိသည်။ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်၏ ပြောကြားချက်အရ မြန်မာနိုင်ငံ၏ မုတ်သုံရာသီဥတုသည် ၁၉၇၈ ခုနှစ် ကတည်းက စတင်ပြောင်းလဲခဲ့ရာ မုတ်သုံလေဝင်ရောက်မှုနောက်ကျပြီး အထွက်စောခြင်းကြောင့် မိုးရာသီကာလသည် ရက် ၄၀ ခန့် တိုတောင်းသွားကြောင်း၊ အကျိုးဆက်အဖြစ် မုတ်သုံမိုးသည် ၃၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားကြောင်း သိရှိရသည်။ ထို့ပြင် ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်သည့် မုန်တိုင်းများလျော့နည်းလာခြင်း၊ အရှေ့ဘက်မှ ရွေ့လျားလာလေ့ရှိသော အရှေ့လေပွေလှိုင်းများဝင်ရောက်မှုလျော့နည်းခြင်းတို့ကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ နှစ်စဉ်လိုပင် မိုးကြိုကာလနှင့် မိုးဦးကာလများတွင် မိုးလျော့နည်းမှုဘေးကိုကြုံတွေ့နေရကြောင်း ၎င်း၏ပြောကြားချက်အရ ထပ်မံသိရှိရပါသည်။ သို့ရာတွင် မိုးနည်းသည့်ဒေသများ၌ မိုးခေါင်သော်လည်း မိုးများသည့် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်များတွင် နှစ်စဉ်လိုပင် ရေဖုံးလွှမ်းခံခဲ့ရသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်းဟုဆိုသည့်စကားနှင့်အညီ ရာသီဥတုများသည် အစွန်း (extreme climate) သို့ ရောက်နေပါသည်။ နွေရာသီတွင် အပူချိန်သာမန်ထက်မြင့်တက်ခြင်း၊ ဆောင်းရာသီတွင် သာမန်ထက်အေးခြင်း၊ မိုးသည်းထန်ခြင်း၊ မိုးနည်းသည့်ဒေသများတွင် မိုးခေါင်ခြင်း စသည့်အစွန်းနှစ်ဖက်ရောက်ဖြစ်စဉ်များသာမက မုန်တိုင်းနှင့် ငလျင်များ ကြိမ်နှုန်းများလာခြင်း၊ ပိုမိုပြင်းထန်လာခြင်း စသည်များ ဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာကြီးတွင် လွန်ခဲ့သည့်နှစ် ၂၀ အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ရပ်ပေါင်း ၆၄၅၀ ခန့် ဖြစ်ပွားခဲ့သည့်အနက် ၉၀ ရာခိုင်နှုန်းသည် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့်ဖြစ်ကြောင်း မှတ်သားဖူးပါသည်။ (UNFCCC-United Nations Framework Convention on Climate Change) - ရာသီဥတုပြောင်းလဲရေးဆိုင်ရာ မူဘောင်ချမှတ်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း၏ ၂၀၁၄ ခုနှစ်က ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်မှုအဆိုးဆုံး ၁၀ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည် ဒုတိယအဆင့်တွင်ရှိကြောင်းနှင့် Nawtartin တက္ကသိုလ်က လေ့လာခဲ့သော ၁၈၄ နိုင်ငံတွင်မူ မြန်မာနိုင်ငံက အဆင့် ၁၃၁ တွင်ရှိကြောင်း သိရှိရပါသည်။

**ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ**

ပြီးခဲ့သည့်မိုးတွင်းက စာရေးသူတို့နိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအနက် ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှအပ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စံချိန်တင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့သည်။ ယင်းဖြစ်ရပ်များကို ပြန်လည်ဆန်းစစ်သုံးသပ်ကြည့်ရာ အချို့ဒေသများ၌ ထူးကဲစွာ ရွာသွန်းခဲ့သော မိုးများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ရသည်မှာ မှန်သော်လည်း ယခုကဲ့သို့ ဖြစ်သင့်သည်ထက် ရေကြီးသည့်ဒေသများ ပိုမိုများပြားခြင်း၊ စီးဆင်းလာသည့်ရေများတွင် ရွှံ့ညွန်များ၊ သစ်ကိုင်းများနှင့် အမှိုက်သရိုက်အမြောက်အမြား ပါဝင်လာခြင်း၊ မြေပြိုသည့် နေရာများပြားခြင်း၊ မြစ်ချောင်းအင်းအိုင်များနှင့် ဆည်များ၊ ရေလှောင်တမံများ ရေလျှံလွယ်ခြင်း စသည်တို့သည် သစ်တောများ ပြုန်းတီးမှုနှင့် ရွှေနှင့် သတ္တုများကို စည်းကမ်းမဲ့ထုတ်ယူမှုများကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ရေဘေးသင့်ခဲ့သည့် ဒေသအများအပြားတွင် ရေကျသွားသည့်အခါ ရွှံ့ညွန်များနှင့် အမှိုက်သရိုက်များ သုံးလေးပေအမြင့်အထိ တင်ကျန်ရစ်ခဲ့ခြင်းက သက်သေခံလျက်ရှိသည်။

သစ်ပင်သစ်တောများရှိလျှင် မိုးရေကို ထိန်းပေးနိုင်သည်သာမက မိုးရေစီးဆင်းသည့် အရှိန်ကိုလည်း များစွာလျော့နည်းစေနိုင်သည်ကို စာရှုသူအများသိရှိကြပြီး ဖြစ်ပါသည်။ သစ်ပင်များ၊ မြက်ပင်၊ ပေါင်းပင်များ၊ သစ်ရွက်ခြောက်များမရှိသော ဗလာမြေကြီးပေါ်သို့ ကျရောက်လာသည့် မိုးရေစက်များ၏ထိခိုက်မှုဒဏ်(Impact) မည်မျှထိကြီးမားမည်ကို ခန့်မှန်းကြည့်နိုင်ပါသည်။ ကျရောက်သည့် မိုးရေစက်များ များပြားလာသည်နှင့်အမျှ ရေများသည် မြင့်ရာမှနိမ့်ရာသို့ ဒလဟော စီးဆင်းပြီး မြေကြီးများကို တိုက်စားကာ ရေစီးကြောင်းတစ်လျှောက်ရှိ အပင်ငယ်များ၊ သစ်ကိုင်းများနှင့် အမှိုက်သရိုက်များကို သယ်ဆောင်သွားပါသည်။ အထူးသဖြင့် ကုန်းမြင့်ဒေသများတွင် မိုးရွာလိုက်သည်နှင့် တောင်ကျရေများက မြေနိမ့်ပိုင်းဒေသများကို ဒုက္ခရောက်စေပါတော့သည်။



ထို့ကြောင့်ပင် အဆိုပါ ရေစီးကြောင်းများ ရောက်ရှိသွားရာ ကန်များ၊ ဆည်များ၊ မြစ်ချောင်းအင်းအိုင်များတွင် တစ်နှစ်ပြီးတစ်နှစ် နုန်းများ (sediment)ပိုများလာပြီး မူလလက်ခံနိုင်သည့် ရေပမာဏထက် သိသာစွာလျော့နည်းလာသဖြင့် မိုးအနည်းငယ်ကြီးရုံမျှဖြင့်ပင် ရေလျှံခြင်းများ ဖြစ်ပေါ်လာသည်။ သစ်ပင်သစ်တောများ ပြုန်းတီးနေသည့် ရေဝေရေလဲဒေသများမှ စီးဆင်းလာသော ရေများသည် နှစ်ပေါင်းကြာရှည်သည်နှင့်အမျှ မြစ်ချောင်းအင်းအိုင်နှင့် ဆည်များ ရေလျှံမှုပိုများမည် ဖြစ်သည်။ မြစ်များ မိုးတွင်းကာလတွင် စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရခြင်းသည်လည်း နုန်းပို့ချမှုများခြင်းကြောင့်ပင်ဖြစ်သည်။ မြစ်ချောင်းအင်းအိုင်နှင့် ဆည်များ နုန်းမြေပို့ချမှုများရသည့် အခြားအကြောင်းရင်းတစ်ခုမှာ ရွှေနှင့်သတ္တုတူးဖော်သူများ၏ စည်းကမ်းမဲ့မြေစာများ စွန့်ပစ်ခြင်း၊ စက်ယန္တရားကြီးများနှင့် အကန့်အသတ်မဲ့ တူးဖော်ခြင်းများကြောင့် ဖြစ်သည်။

ဧရာဝတီမြစ်အတွင်း သောင်ဖြစ်ထွန်းမှုများ မြင့်မားလာခြင်းကြောင့် သင်္ဘောများ သွားလာရေးခက်ခဲနေကြောင်း၊ ယခုနှစ်တွင် သဲသောင်ဖြစ်ထွန်းမှု သိသာစွာမြင့်မားလာကြောင်း၊ ယခင်နှစ်များက မတ်၊ ဧပြီလများကျမှသာ မြစ်ကြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်တတ်သော်လည်း ယခုနှစ်တွင် ယခုအချိန်မှာပင် ပိတ်နေသဖြင့် မကွေးဘက်မှ မြစ်ကြောင်းတွင် သွားလာ၍မရခြင်းကြောင့် မင်းဘူးဘက်ခြမ်းမှ တစ်ကွေ့တစ်ပတ် သွားလာနေရသည် ဆိုသည့် သတင်းတစ်ပုဒ်ကို ၆-၁-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာတွင် ဖတ်ရှုခဲ့ရပါသည်။

သစ်ပင်သစ်တောများက မြေဆီလွှာတိုက်စားခြင်းအား မည်သို့ကာကွယ်ပေးထားသည်ကို ထပ်မံဖော်ပြလိုပါသေးသည် - အထက်တွင် ဖော်ပြခဲ့သော မိုးပေါက်များသည် သစ်ပင်များရှိနေပါက သစ်ရွက်များပေါ်သို့ ကျရောက်ပြီးမှသာ မြေကြီးပေါ်သို့ တစ်ဆင့်ကျရောက်ခြင်းကြောင့် မိုးရေစက်များ၏အလျင်သည် အဆပေါင်းများစွာ လျော့ကျသွားမည်ဖြစ်ပါသည်။ ထို့ပြင် သစ်ပင်များ၏အောက်ခြေတွင် ပေါင်းပင်၊ မြက်ပင်များ သစ်ရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များ ရှိနေသောကြောင့် သစ်ရွက်များမှတစ်ဆင့် ကျဆင်းလာသည့် မိုးပေါက်များသည် မြေသားကိုတိုက်ရိုက်ထိမှန်ခြင်းမရှိတော့ပါ။ ထို့ကြောင့် မိုးပေါက်များကြောင့် အပေါ်ယံမြေလွှာများ ပျက်စီးခြင်းမဖြစ်နိုင်တော့ပါ။ ထိုမျှမက သစ်တော၊ မြေဆီလွှာနှင့် သစ်ပင်၊ မြက်ပင် ပေါင်းပင်များကလည်း မိုးရေများကို စုပ်ယူထားနိုင်စွမ်းရှိသဖြင့် စီးဆင်းမည့် မိုးရေပမာဏ လျော့နည်းသွားသကဲ့သို့ စီးဆင်းသည့်အရှိန်အဟုန်ကိုလည်း လျော့ကျသွားစေပါသည်။

**အနာလည်းသိ ဆေးလည်းရှိ**

စာရေးသူတို့နိုင်ငံ၏ပျက်ယွင်းသွားသော ပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင်ဆောင်ရွက်ရန်အတွက် “အနာသိလျှင် ဆေးရှိ” ဆိုသည့်စကားကဲ့သို့ အနာရောဂါကိုလည်း သေချာသိရှိပြီး တိုက်ကျွေးရမည့် ဆေးလည်းရှိပြီး ဖြစ်ပါသည်။ ဆေးကို မှီဝဲဖို့သာ အဓိကဖြစ်ပါသည်။ တစ်နည်းပြောရလျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အကောင်အထည်ဖော်ရန်အတွက် “ဆောင်ရန်၊ ရှောင်ရန်” "do's and don'ts" များကို သိရှိကြပြီးဖြစ်ပါသည်။ စာရေးသူတို့ နိုင်ငံသားတိုင်းက လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ကြပြီး မလုပ်သင့် မလုပ်ထိုက်သည်များကို ရှောင်ရှားကြရန်သာ အဓိက ဖြစ်ပါသည်။ ခက်ခဲသည့်လုပ်ငန်းများ မဟုတ်ပါ။ နိုင်ငံသားတိုင်းက နိုင်ငံကြီးသား ပီသစွာကျင့်ကြံပြုမူနေထိုင်ရုံဖြင့်ပင် ပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ပြီး ဖြစ်ပါမည်။ ဤလုပ်ငန်းကို အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်ရာ ပထမအဆင့်အနေဖြင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှုန်း ထပ်မတိုးစေဘဲ ရပ်တန့်သွားစေရန်၊ ဒုတိယအဆင့်အနေဖြင့် ပျက်စီးမှုနှုန်း လျော့ကျစေရန်နှင့် တတိယအဆင့်အနေဖြင့် ပျက်စီးမှုများ မရှိစေရန် ဖြစ်ပါသည်။

စာရေးသူတို့သည် ရှောင်သင့်သည်များကို ရှောင်ရင်း တစ်ချိန်တည်းမှာပင် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်၍ရပါသည်။ ဥပမာ - သစ်ပင်သစ်တောများ ပြုန်းတီးမည့် လုပ်ရပ်များကို ရှောင်ရှားကြရင်း သစ်ပင်သစ်တောများကို ထိန်းသိမ်းခြင်း၊ သစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် သစ်ပင်သစ်တောများ ပြန်လည်တည်ရှိလာအောင် ဆောင်ရွက်နိုင်ပါသည်။ ထိုနည်းတူပင် ရေအရင်းမြစ်များ မယုတ်လျော့စေရေး၊ ရေချိုရေကောင်းများ ညစ်ညမ်းရေဖြစ်မသွားစေရေးနှင့် လေထုမညစ်ညမ်းစေရေးတို့ကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ကမ္ဘာ့အပူချိန်မြင့်တက်မှုဟန့်တားရေး**

ဂေဟစနစ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ယှက်နွယ်နေကြသဖြင့် ဂေဟစနစ်တစ်ခုကောင်းမွန်လျှင် အခြား ဂေဟစနစ်များလည်း ကောင်းမွန်နိုင်ပြီး ဂေဟစနစ်တစ်ခု ပျက်ယွင်းသွားလျှင်လည်း အခြားဂေဟစနစ်များကိုပါ အနည်းနှင့်အများ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ရာတွင် ထောင့်စုံမှ ရှုမြင်ပြီး ဘက်ပေါင်းစုံမှ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ရန်အတွက် အဓိကကဏ္ဍကြီးနှစ်ခု ရှိပါသည်။ နိုင်ငံတော်အတွင်း ယိုယွင်းပျက်စီးနေသည့် ပတ်ဝန်းကျင်ပြန်လည်ကောင်းမွန်ရေးနှင့် ကမ္ဘာ့အပူချိန်မြင့်တက်မှုဟန့်တားနိုင်ရေးအတွက် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးတို့ ဖြစ်သည်။ ဖော်ပြပါကဏ္ဍနှစ်ခုသည်လည်း တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်မှုရှိနေသောကြောင့် ကဏ္ဍတစ်ခုအတွက် ဆောင်ရွက်ခြင်းသည် အခြားကဏ္ဍတစ်ခုပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

ထို့ပြင် ကမ္ဘာ့လေထု(Atmosphere)သည် တစ်ဆက်တစ်စပ်တည်းရှိနေခြင်းကြောင့် စာရေးသူတို့နိုင်ငံမှ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးဆောင်ရွက်ချက်များ၏ အကျိုးဆက်များကို အခြားနိုင်ငံများကလည်း ခံစားကြရမည်ဖြစ်ပါသည်။

**သစ်တောပြုန်းတီးမှု လျော့နည်းရေး**

စာရေးသူတို့နိုင်ငံမှ သစ်တောများပြုန်းတီးရခြင်း၏ အဓိကအကြောင်းရင်း သုံးခု ရှိပါသည်။ ယင်းတို့မှာ (၁) တရားမဝင် သစ်ထုတ်လုပ်ခြင်း၊ (၂)တရားမဝင် ထင်းမီးသွေးထုတ်လုပ်ခြင်း၊ (၃)တောင်ယာခုတ်ခြင်းတို့ ဖြစ်ကြသည်။

သစ်တောဦးစီးဌာနက သစ်များကို ထာဝစဉ်တောထွက် (Sustainable Yield)နှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် တောကောင်းများတွင် ရင်စို့လုံးပတ် (breast height girth) ခုနစ်ပေ ခြောက်လက်မနှင့်အထက်၊ တောညံ့များတွင် ရင်စို့လုံးပတ် ခြောက်ပေ ခြောက်လက်မနှင့် အထက်ရှိသော အပင်များကိုသာ တရားဝင် ထုတ်ယူခွင့်ပြုသည်။ သို့ရာတွင် တရားမဝင် သစ်ထုတ်သူများက လုံးပတ်မပြည့်မီသော အပင်များကိုပါ ထုတ်ယူကြသည်။ တရားဥပဒေ လက်လှမ်းဝေးသည့် နယ်စပ်ဒေသများတွင် အဆိုးဆုံးဖြစ်သည်။ ထာဝစဉ်တောထွက်ကို ထိခိုက်စေသည်သာမက သစ်ပင်ကြီးများကို ထုတ်ယူခြင်းကြောင့် မျိုးပွားပေးမည့် သစ်စေ့ထွက်ရှိမှု လျော့နည်းလာသည်နှင့်အမျှ သဘာဝမျိုးဆက်ခြင်း (Natural Regenaration)ကိုပါ ထိခိုက်စေသည်။ ထို့ကြောင့် ဥပဒေသက်ရောက်မှုရှိစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကျန်ရှိနေသေးသည့် တောကောင်းများကို အထူးကြပ်မတ်ပြီး သဘာဝတောထိန်းလုပ်ငန်းများ၊ “သစ်တောပြုန်းတီးခြင်းနှင့် အတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းဆိုင်ရာလုပ်ငန်းများ” "Reducing Emmission from Deforestration and Forest Degradation Plus (REDD +)နှင့် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းလုပ်ငန်း(Gap Planting)များကို ကျယ်ပြန့်စွာဆောင်ရွက်ရန်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းသစ်သုံးစွဲမှုပမာဏ လျော့နည်းစေရေးအတွက် အချို့သစ်သားထည်ပစ္စည်းများ၏နေရာတွင် ဝါးပစ္စည်းများဖြင့် အစားထိုးနိုင်ရန် ‘ဝါးအသုံးချရေးနှင့်ဝါးစိုက်ပျိုးခြင်း’ လုပ်ငန်းများ ကျယ်ပြန့်လာစေရေးအတွက် ဆောင်ရွက်ရန်ဖြစ်သည်။ (နမူနာကောင်းအဖြစ် “ဝါးချစ်သူများအသင်း” ၏ ဆောင်ရွက်ချက်များ ရှိပါသည်။)

တရားမဝင်ထင်း၊ မီးသွေးထုတ်လုပ်သူများက ခုတ်လှဲရလွယ်ကူသည့် သစ်ပင်ငယ်များကိုသာ ရွေးခုတ်သည်။ အပင်ငယ်သည်နှင့်အမျှ ခုတ်လှဲသည့် သစ်ပင်အရေအတွက် ပို၍များသည်။ ထို့ကြောင့် မျိုးဆက်ပြတ် (Generation Gap) စေသည်။ ထို့ကြောင့် ထင်းမီးသွေးထုတ်လုပ်သူများအား ကိုယ်ပိုင်ထင်းစိုက်ခင်းများ တည်ထောင်ထုတ်လုပ်စေရေးအတွက် ပညာပေးစည်းရုံးရန် လိုအပ်သကဲ့သို့ ထင်းမီးသွေးလိုအပ်ချက် လျော့နည်းစေရေးအတွက် အခြားလောင်စာများ သုံးစွဲရေးအတွက်ပါ ဆောင်ရွက်ရန် လိုအပ်သည်။

တောင်ယာခုတ်ခြင်းများကြောင့် သစ်ပင်ကြီး၊ သစ်ပင်ငယ်အားလုံး ဆုံးရှုံးရသည်သာမက တောင်ယာမီးရှို့ခြင်းမှတစ်ဆင့် တောမီးလောင်ကျွမ်းနိုင်သောကြောင့် တောင်ယာသမားများအား သစ်တောကျေးရွာများ၊ အစုအဖွဲ့ပိုင်သစ်တောများ (Community Forests)ကို ယခုထက်ပိုမိုကျယ်ပြန့်စွာ တည်ထောင်ပေးရန်ဖြစ်သည်။ တောမီးများလောင်ရာတွင် သစ်ပင်များ ဆုံးရှုံးသည်သာမက လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်သဖြင့် နှစ်ခါပြန် ဆုံးရှုံးမှုဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို မှတ်တမ်းတင်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေကြမ်းတစ်ခုအား မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအား ဖတ်ကြားခြင်း၊ ဥပဒေ ကြမ်းနှစ်ခုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် ဥပဒေကြမ်းတစ်ခုအား ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ပိုးသတ်ဆေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးသိန်းထွန်းဦးက ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က



အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့သည့် အထူးကုန်စည်ခွန်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက အဆိုပြုတင်ပြရာ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်နည်းဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးခင်မောင်ရွှေက အဆိုပြုတင်ပြရာ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်နည်းဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးတင်ပြချက်အပေါ် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်၊ ဒေါက်တာမောင်မောင်သိမ်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး


**နေပြည်တော် ဇန်နဝါရီ ၁၄**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်းတစ်ခုမေးမြန်းဖြေကြားခြင်း၊ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းအား အတည်ပြုခြင်း၊ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား အတည်ပြုခြင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများအား ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယနေ့အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **“ကလေးမြို့နယ် ထောက်ကြံ့ကျေးရွာအနောက်ဘက် ဝက်ခေါင်းတောင်ကုန်းအောက်ခြေမှ ဖလမ်းမြို့နယ် ဗာရ်တံတားအထိ လိုဏ်ဂူဖောက်လုပ်ပြီး ရထားနှင့် ကားပြေးဆွဲပေးရန်အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ထောက်ကြံ့ဘူတာမှ ဗာရ်တံတားအနီးကွင်းပြင်သို့ ဦးတည်၍ ဥမင်လိုဏ်ဖောက်လုပ်ပါက (၂၁ ဒသမ ၇၅)မိုင်ကွာဝေးမည်ဖြစ်ပြီး အနိမ့်အမြင့်ကွာခြားမှု ပေ (၆၉၀) ခန့်ရှိသည့်အပြင် ဥမင်အတွင်း၌ ရထားလမ်းဖောက်လုပ်ရာတွင် ရေပြင်ညီ အနေအထားဖြင့်သာ ဖောက်လုပ်နိုင်သောကြောင့် ယခုလမ်းအား ဖောက်လုပ်ပါက တောက်လျှောက်အတက်ဆင်ခြေလျှော (၁ အချိုး ၁၆၆)ရှိမည်ဖြစ်ပါသဖြင့် နည်းပညာပိုင်းအရ ကားလမ်းအတွက် ပြဿနာမရှိသော်လည်း ရထားများ



ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုး။



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း။

အတွက် တောက်လျှောက် အတက် (၁ အချိုး ၁၆၆)ဖြင့် အလျား (၂၁ ဒသမ ၇၅)မိုင်ခန့်မောင်းတက်ရန် မဖြစ်နိုင်ပါကြောင်း။

မြန်မာ့မီးရထားအနေဖြင့် ပုံတောင်-ပုံညာဥမင်လမ်းပိုင်း အရှည်တစ်မိုင်ကို ၁၀ နှစ် နီးပါးကြာအောင် ဖောက်လုပ်ခဲ့ရပြီး စုစုပေါင်းကုန်ကျငွေကျပ်သန်းပေါင်း (၂၂၄၅)သန်း ကျော်ကုန်ကျခဲ့ပါကြောင်း၊ ဗာရ်တံတားအထိ ဥမင်အလျားသည် အနည်းဆုံးမိုင် (၂၀)ခန့် ဖောက်လုပ်ရမည်ဖြစ်၍ ကုန်ကျစရိတ်အလွန်များပြားမည်ဖြစ်သောကြောင့် ဖောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏သဘောထားကိုရယူ၍ အတည်ပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဝင်က ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အဆိုတင်သွင်းရာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောထားရယူ၍ အတည်ပြုသည်။

ဆက်လက်၍ တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွားမြှင့်တင်ရေးကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတို့မှ ကော်မတီဝင်များက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

# ယာဉ်မောင်းလိုင်စင်အတုများ အလွယ်တကူစစ်ဆေးဖော်ထုတ်မည်


**နေပြည်တော် ဇန်နဝါရီ ၁၄**

မြန်မာ၊ အိန္ဒိယ၊ ထိုင်း သုံးနိုင်ငံအကြား အချင်းချင်း ခရီးသည်နှင့် ကုန်စည်များကို မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားလာရေး စည်းကမ်းများသဘောတူစာချုပ်အရ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်လက်မှတ်များကို chip ပါသည့် smart ကတ်များကို ဇန်နဝါရီ ၁၂ ရက်မှစ၍ နေပြည်တော် ကညနရုံးတွင် စတင်ပြောင်းလဲ ထုတ်ပေးနေပြီဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ chip smart လိုင်စင်ကတ်များကို တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရိုင်ရုံးများတွင်လည်း ထုတ်ပေးမည်ဖြစ်ကြောင်း၊ ယင်းစမတ်ကတ်များ အသုံးပြုခြင်းအားဖြင့် လိုင်စင်ကိုင်ဆောင်သူတစ်ဦးချင်းစီ၏ အချက်အလက်များကို လုံခြုံစိတ်ချစွာ ထိန်းနိုင်ခြင်း၊ ယာဉ်မောင်းလိုင်စင်များ မှန်ကန်မှု ရှိ/မရှိ လွယ်ကူစွာ စစ်ဆေးအတည်ပြုနိုင်ခြင်း၊ ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား အမှတ်ပေးသော စနစ် Demerit Points System အရ ပြစ်မှုကျူးလွန်သော ယာဉ်မောင်းများအား အမှတ်ပေး၍ အလွယ်တကူ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယာဉ်မောင်းလိုင်စင်အတုကိုင်ဆောင်သူများကိုလည်း အလွယ်တကူ စစ်ဆေးဖော်ထုတ်နိုင်မည်ဟု သိရသည်။

ဖွံ့ဖြိုးပြီးနိုင်ငံတချို့တွင် တစ်နှစ်အတွင်း သတ်မှတ်ထားသည့် ပြစ်မှုများပြည့်ပါက အမှုအလိုက် အနုတ်(-)စနစ်ဖြင့် လိုင်စင်ပိတ်သိမ်းပြီး ပြန်လည်ဖြေဆိုသောစနစ်ဖြစ်သည်။ ယခု မြန်မာနိုင်ငံမှ ထုတ်ပေးမည့် chip စမတ်ကတ်တွင်မူ အပေါင်းစနစ်ဖြင့် ကျူးလွန်မှုများကို ထပ်ပေါင်းမှတ်သွားမည်ဖြစ်ပြီး သတ်မှတ်ချက်အထိ ပြစ်မှုကျူးလွန်ပါက လိုင်စင်ပြန်လည်ဖြေကြားရမည်ဖြစ်ကြောင်း ကညနရုံး (နေပြည်တော်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**(သန့်ဇင်ဝင်း)**




**အိန္ဒိယနိုင်ငံ ပို့ဆောင်ရေးဝက်ဘ်ဆိုက်မှ chip ကတ် ယာဉ်မောင်းလိုင်စင်။**

## ပြည်တွင်းရေးရာ

**✱ ကျောဖုံးမှ**

ကျန်းမာရေးဝန်ထမ်းအင်အားကိုလည်း ဖွဲ့စည်းပုံအတိုင်း လိုအပ်ချက်ရှိပါက ခန့်အပ်ရန် ခွင့်ပြုပေးထားကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် အရည်အချင်းပြည့်ဝနေရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်အနေဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့တွင် ဦးစားပေးဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် လှိုင်ကော်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် နှစ်ထပ်တိုးချဲ့ဆောင်သစ်ဆောက်လုပ်နေမှုနှင့် ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူနေသည့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ် (လှိုင်ကော်)သို့ ရောက်ရှိပြီး လှိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (လှိုင်ကော်)၊ ကွန်ပျူတာတက္ကသိုလ် (လှိုင်ကော်)နှင့် လှိုင်ကော်ပညာရေးကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တက္ကသိုလ်နှင့်ကောလိပ်အသီးသီးတို့မှ ပါမောက္ခချုပ်နှင့်ကျောင်းအုပ်ကြီးများက တက္ကသိုလ်၊ ကောလိပ်များ၌ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူအင်အား၊ သင်ကြားပို့ချသည့် အဓိကဘာသာရပ်များ၊ အဆောက်အအုံ၊ လျှပ်စစ်၊ မီး၊ ရေ ရရှိမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်သည်များကို အမြန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင် အရည်အသွေးပြည့်မီသည့် ပညာရေးစနစ်ဖြစ်ရန် လိုအပ်ကြောင်း၊ သို့မှသာ တိုင်းပြည်၏ ပညာရည်အဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကဏ္ဍ လိုအပ်ချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးနေပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးအတွက် ဘတ်ဂျက်တိုးမြှင့်သုံးစွဲမှု၊ အခြေခံပညာဆရာ ဆရာမများတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ပေးမှု၊ ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုများ ထောက်ပံ့ပေးနေမှုနှင့် နယ်စပ်ဒေသများတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လှိုင်ကော်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကယားပြည်နယ်အစိုးရအဖွဲ့မှ တည်ခင်းဧည့်ခံသည့် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် လွှတ်တော်ခေါ်ယူကျင်းပခြင်းနှင့် လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များကို အကောင်းဆုံး၊ အမှန်ဆုံးဖြစ်အောင် မိမိတို့ လုပ်ဆောင်ထားရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆက်လက်တာဝန်ယူကြမည့် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့ဆောင်ရွက်ချက်များအပေါ် သင်ခန်းစာရယူပြီး ယခုထက်ပိုမိုကောင်းမွန်သည့် အရည်အချင်းပြည့်စုံသည့် လွှတ်တော်များဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။

ယင်းသို့ လုပ်ဆောင်နိုင်မှသာ ပြည်သူအများ လိုလားတောင့်တနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လွှတ်တော်များ၏ အခန်းကဏ္ဍ မည်သည့်အခြေအနေရှိသည်၊ မည်သို့ဆောင်ရွက်နေသည်ကို မှတ် ကျောက်တင်ဆောင်ရွက်နိုင်ရန် ယခု လွှတ်တော်သက်တမ်းကုန်ဆုံးချိန်အထိ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏တာဝန်အပေါ် မူတည်ပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ယနေ့ မြန်မာနိုင်ငံသားများသည် နိုင်ငံရေးရေချိန်မြင့်လာသကဲ့သို့ ဒီမိုကရေစီ ရေချိန်လည်း တစ်နေ့တခြားမြင့်မားလာပြီဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက် စီးပွားရေးစနစ် တည်ဆောက်မှုသာ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားများ၏ နိုင်ငံရေးရေချိန်၊ ဒီမိုကရေစီရေချိန်မြင့်မားလာသည်နှင့်အမျှ လွှတ်တော်တွင် လူတော်၊ လူကောင်းများပါဝင်လာရေးနှင့် နိုင်ငံကိုအုပ်ချုပ်ရာတွင် လူတော်၊ လူကောင်းများ ပါဝင်လာရေးအတွက် နောင်အစဉ်အဆက် ပြည်သူများကရွေးချယ်သွားရမည်ဖြစ်ပါကြောင်း။

ယခုတင်ပြချက်များသည် လွှတ်တော်ကိုယ်စားလှယ်နှင့် လွှတ်တော်အတွက် တင်ပြနေခြင်း မဟုတ်ပါကြောင်း၊ နိုင်ငံအတွက်၊ နိုင်ငံ့ဂုဏ်သိက္ခာအတွက်၊ နိုင်ငံ့ဂုဏ်အင်္ဂါအတွက် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၆ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးက စီစဉ်ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာ ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

❖

**○ မင်္ဂလာမူဆယ်မှ**

ဖျော်ဖြေရေးအစီအစဉ်များအဖြစ် နိုင်ငံကျော်အဆိုတော် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှု၊ တိုင်းရင်းသားရိုးရာအကပဒေသာအဖွဲ့တို့၏ တင်ဆက်ဖျော်ဖြေမှုများဖြင့် ဧည့်ခံဖျော်ဖြေကြမည်ဖြစ်သည်။

စီးပွားရေးအရအချက်အချာကြသည့် မင်္ဂလာမူဆယ်လမ်းလျှောက်ဈေးရှိ RC သုံးထပ် လူနေဆိုင်ခန်းများကိုဖွင့်ပွဲအနေဖြင့် AYA Bank (ဧရာဝတီဘဏ်)နှင့်ချိတ်ဆက်၍ (၆)နှစ်အရစ်ကျငွေချေစနစ်( Hire Purchase) ဖြင့် ရောင်းချပေးမည့် အထူးအစီအစဉ်ကိုလည်း စီစဉ်ဆောင်ရွက်ထားရှိရာ စီးပွားရေးရင်းနှီးမြှုပ်နှံရန်အတွက် အခွင့်အလမ်းတစ်ခုဖြစ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းသည် ရှမ်းပြည်နယ်အစိုးရဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းကော်မတီနှင့် နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့က အကျိုးတူပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ **(၀၀၂)**

# မြစိမ်းရောင်ချေးငွေဖြင့် လုပ်ငန်းများဆောင်ရွက်

**သုံးခွ ဇန်နဝါရီ ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် လိုအပ်သော အရင်းအနှီးရရှိစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ(ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီ) ဖြင့် ထောက်ပံ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာသုံးရွာအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ရွာအား ထပ်မံတိုးချဲ့သဖြင့် ကျေးရွာ ၁၃ရွာရှိပြီဖြစ်ကြောင်း သိရှိရသည်။ ယင်းကျေးရွာများ၌ စိုက်ပျိုးရေးလုပ်ငန်းတွင် ၁၄၈၉ ဦး၊ မွေးမြူရေးလုပ်ငန်းတွင် ၁၇၄၉ ဦး၊ ရေလုပ်ငန်းတွင် ၃၉ဦး၊ အရောင်းအဝယ်လုပ်ငန်းတွင် ၃၁၅ ဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ၅၈ဦး၊ မီးလင်းရေးလုပ်ငန်းတွင် ၁၇ဦး စုစုပေါင်း ၃၆၆၇ ဦးတို့အား မြစိမ်းရောင်ချေးငွေဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အောင်မြင်တိုးတက်လျက်ရှိကြောင်း သိရသည်။ **(၀၂၀)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

## မနက်ဖြန်ညနေထိခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်း ငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

# ပြည်ထောင်စုဝန်ကြီးများနှင့် လဟယ်မြို့ ဒေသခံပြည်သူများ တွေ့ဆုံ

**လဟယ် ဇန်နဝါရီ ၁၄**

နိုင်ငံတော်သမ္မတ၏ နာဂဒေသခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် လဟယ်မြို့ စာရာမေရီအားကစားခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးက ဒေသဖွံ့ဖြိုးရေးအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် လဟယ်ဆေးရုံ ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

## သက်တမ်းတိုအထွက်ကောင်းစပါးမျိုးများ အသုံးပြုရေးနှင့် စိုက်ပျိုးရေ၊ သောက်သုံးရေများ အလေအလွင့်မရှိစေရေး သတိပေးနှိုးဆော်ချက်

၁။ ယခုနှစ်နွေရာသီမှစ၍ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် အယ်နီညိုရိုက်ခတ်မှုဒဏ် (El- Nino Effect) ကြောင့် ရာသီဥတုပိုမိုပူပြင်းပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးအခက်အခဲများ ရှိလာမည်ဖြစ်ကြောင်း သတင်းများထုတ်ပြန်လျက်ရှိပါသည်။

၂။ ဒေသအသီးသီးတွင် (အထူးသဖြင့် ရေပေးမြောင်းလက်တံအဖျားရှိ နွေစပါးစိုက်ဧရိယာများ) မိမိတို့ဒေသနှင့် ကိုက်ညီသည့် ရေလိုအပ်ချက်နည်းသော သက်တမ်းတိုအထွက်ကောင်းစပါးမျိုးများကို ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်ပါသည်။

၃။ ထို့ပြင် သောက်သုံးရေ စုဆောင်းခြင်းနှင့် စိုက်ပျိုးရေ အလေအလွင့်မရှိ အကျိုးရှိစွာ အသုံးချခြင်းလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ သက်တမ်းတိုအထွက်ကောင်းစပါးမျိုးများ ရရှိရေးနှင့် စိုက်ပျိုးရေရရှိရန် ခက်ခဲသောဒေသများတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ တတိယနေ့ကျင်းပ၊ ကဏ္ဍအလိုက်ဆွေးနွေးမှုများ စတင်

**နေပြည်တော် ဇန်နဝါရီ ၁၄**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ တတိယနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဆက်လက်ကျင်းပလျက်ရှိပြီး ယနေ့တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများကို စတင်ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် နိုင်ငံရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ(၅)ခုအပေါ် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေးပါတီအစုအဖွဲ့၊ တိုင်းရင်းသားအစုအဖွဲ့နှင့် ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များပါဝင်သည့် အစုအဖွဲ့များက အစုအဖွဲ့အလိုက်ပြုစုထားသည့် စာတမ်းများနှင့် သဘောထားများကို ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် တင်သွင်းထားသည့် သဘောထားတင်ပြချက်များအပေါ် အစုအဖွဲ့များက ပြန်လည်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အကျိုးဆောင်အဖွဲ့မှ ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းခဲ့သည့် အစုအဖွဲ့များ၏ တင်ပြဆွေးနွေးချက်များကိုစုစည်း၍ မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့ပြီး ကဏ္ဍအလိုက် အလှည့်ကျသဘာပတိများက နိဂုံးချုပ်အမှာစကားပြောကြား၍ ယနေ့ပြုလုပ်သည့် တတိယနေ့ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ရုပ်သိမ်းခဲ့သည်။

ယနေ့ ဆွေးနွေးပွဲတွင် နိုင်ငံရေးကဏ္ဍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုး၊ အမှတ်(၁၁) တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်တင့်လွင်၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့မှ နာယက ဦးခွန်ဥက္ကာ၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ ဦးမန်းအောင်ပြည်စိုးတို့က လည်းကောင်း။


လုံခြုံရေးကဏ္ဍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ်၊ အမှတ်(၃) တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ဗိုလ်မှူးချုပ်ဝင်းမိုး၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)မှ ဥက္ကဋ္ဌ ရဲဘော်သံခဲ၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာမနမ်တူးဂျာ၊ စီးပွားရေးကဏ္ဍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဥပဒေဆိုင်ရာ နိုင်ငံတော်သမ္မတအကြံပေး ဦးစစ်အေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင်၊ အမှတ်(၈)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်နေဝင်းအောင်၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီမှ အကြံပေး စိုင်းခွမ်မိန်း၊ ခေတ်သစ်ပြည်ထောင်စုပါတီမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းတို့က လည်းကောင်း။

လူမှုရေးကဏ္ဍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူပလီစံလှ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းစိန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပဒိုစောရော်ဂျာခင်၊ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)မှ ဥက္ကဋ္ဌ ဦးဖိုးရယ်တို့က လည်းကောင်း။

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးပြည်ဝင်း၊ အမှတ်(၁၂) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းဦး၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU KNLA/PC) မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာနော်ကပေါ်ထူး၊ ချင်းတိုးတက်ရေးပါတီမှ ဥက္ကဋ္ဌ ဦးနိုထန်ကပ်တို့ကလည်းကောင်း ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

# ပန်ထွာဘုရင်မနှင့် ဆက်စပ်သည်ဟုယူဆရသော အထောက်အထားများ ဖိုလေးလုံးကျေးရွာအနီးတွေ့ရှိ

**မကွေး ဇန်နဝါရီ ၁၄**



ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နယ်မြေ ဗိဿနိုးဘုရင်မပန်ထွာ၏ စစ်ရှောင်နန်းဆောင် ခြောက်ခုအနက် ပျောက်ဆုံးနေသောနန်းဆောင်တစ်ခုကို မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာမြောက်ဘက် သုံးမိုင်အကွာရှိ (ဒေသအခေါ်)အုတ်တံတိုင်းကုန်းပေါ်တွင် တွေ့ရှိနေပြီဖြစ်ကြောင်း သမိုင်းအမွေအနှစ်စိတ်ဝင်စားသူတစ်ဦးဖြစ်သူ ဦးစုက အထောက်အထားများနှင့် ပြောဆိုပြီး တတ်ကျွမ်းနားလည်သော ရှေးဟောင်းသုတေသနပညာရှင်များက အတည်ပြုဖော်ထုတ်ပေးရန် ကျေးရွာဒေသခံများက လိုလားလျက်ရှိသည်။

"ကျွန်တော်ကလေးဘဝကတည်းက ရွာမြောက်ဘက် အုတ်တံတိုင်းကုန်းလို့ ခေါ်တဲ့နေရာမှာ အကျယ်အဝန်းဧကဝက်လောက်ရှိတဲ့ အုတ်ရိုးကြီးတွေ ဒီနေ့ထိရှိနေပါတယ်။ အဲဒီနေရာကနေ ရှေးဟောင်းအုတ်ချပ်တွေ၊ ဆေးတံတွေ၊ ကြေးသွန်းအရုပ်တွေကို ကျွန်တော်ရခဲ့ပါတယ်။ ဗိဿနိုးမြို့ဟောင်းက လက်ရာတွေနဲ့ တစ်ထပ်တည်းတူတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ ရှေးဟောင်းလင်ပန်းတွေ၊ ဖလားတွေ၊ ငွေဒင်္ဂါးပြားတွေ တွေ့ခဲ့ဖူးတာကိုလည်း လူကြီးတွေပြောစကားအရ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်ပိုင်းက ရှေးဟောင်းသုတေသီတွေ သတင်းစကားကြားလို့ ရွာဘက်ရောက်လာပြီး အုတ်တံတိုင်းကုန်းဘက် လိုက်ပို့ရတယ်။ သူတို့ကတော့ ပျောက်ဆုံးနေတဲ့ နန်းဆောင်တစ်ခု တွေ့ပြီလို့ ဗိဿနိုးသမိုင်းမြေပုံတွေနဲ့ အခိုင်အမာပြောကြတယ်။ လူအင်အား၊ ငွေအင်အားစုဆောင်းပြီး ပြန်လာတူးမယ်လို့ သိရပါတယ်။ ကျွန်တော်တို့ဒေသခံတွေအနေနဲ့ကတော့ သက်ဆိုင်ရာရှေးဟောင်းသုတေသနဌာနနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ လာရောက်လေ့လာအတည်ပြုပြီး ရှေးဟောင်းသမိုင်းအမွေအနှစ်ကို ဖော်ထုတ်ပေးစေချင်တာပါပဲ"ဟု သမိုင်းမွေအနှစ်တန်ဖိုးထားသူ ဒေသခံ ဦးစုက ပြောသည်။

အုတ်ချပ်များ၊ အုတ်ရိုးများ၊ ပျူခေတ်(အလယ်)လက်ရာဟု ယူဆရသော ပုတီးများ၊ ဆေးတံများ၊ အရှေ့မြောက်ထောင့်နှင့် အနောက်တောင်ထောင့်ရှိ အဆောက်အအုံအုတ်လှေကားနှစ်စင်းတို့ တွေ့ရှိရခြင်းအပေါ် ဒေသလက်ဆင့်ကမ်းစကားအရ အုတ်တံတိုင်းကုန်းနေရာသည် ပျူရွာကြီးတစ်ရွာဖြစ်တည်ခဲ့ဖူးသည်။ ယခုနေရာသည် ပျူသင်္ချိုင်းဟောင်းနေရာဖြစ်သည်ဟု အခိုင်အမာယုံကြည်နေသူများလည်းရှိပြီး နတ်ကြီးသည်ဟုဆိုကာ စည်းကမ်းမဲ့အပြောအဆို လုပ်ရပ်များကိုရှောင်ကြဉ်လေ့ရှိကြောင်း၊ အမျိုးသားများပင် အဖော်တစ်ဦးစ၊ နှစ်ဦးစနှင့် ညနေအချိန်များတွင် ဖြတ်သန်းသွားလေ့မရှိကြောင်း၊ လပြည့်လကွယ်နေ့များတွင် မောင်းခတ်သံများ ကြားရလေ့ရှိကြောင်း ဒေသခံများက ဆိုသည်။

အုတ်တံတိုင်းကုန်းနှင့်နီးသည့် လိပ်ကုန်းကျေးရွာမှစ၍ မြောက်ဘက်ခြမ်းဒေသများတွင် ချောင်းနှင့်နီးစပ်ရာနေရာများ၌ လက်ယက်စမ်းတွင်းများကို တူးဖော်အသုံးပြု၍ရနိုင်ပြီး အုတ်တံတိုင်းကုန်းနှင့် ဝန်းကျင်ရွာများတွင် ချောင်းများရှိသော်လည်း စမ်းတွင်းများအသုံးပြု၍မရကြောင်း၊ ထိပ်ဝ ငါးပေ၊ အနက် ကိုးပေခန့်ရှိ ကျောက်ဆစ်ကျောက်သားထစ်များဖြင့် ဖန်တီးထားပြီး ဆယ့်နှစ်ရာသီအသုံးပြုနိုင်သည့် ပန်ထွာဘုရင်မအသုံးပြုခဲ့သည်ဟု ယုံကြည်နေသော စမ်းတွင်းတစ်တွင်းကိုသာ ထူးခြားမှုအဖြစ်တွေ့ရှိရကြောင်း၊ "ငါလာမှကြီး၊ ငါလာမှသီး" ဟူသော ဗိဿနိုးဒေသရှိ ပေပင်များအပေါ် ထားရှိသည့် သစ္စာဓိဋ္ဌာန်စကားနည်းတူ ဤဒေသတွင်လည်း စကားသစ္စာရှိနေခြင်းဖြစ်နိုင်ကြောင်း ဒေသခံ ကိုဝေယံက ပြောသည်။

ပန်ထွာဘုရင်မနှင့်ဆက်စပ်သည်ဟုယူဆရသော အထောက်အထားများ ဖိုလေးလုံးကျေးရွာအနီးတွေ့ရှိရခြင်းအပေါ် မကွေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနဦးစီးဌာနထံ ဆက်သွယ်မေးမြန်းရာ "ကျွန်တော်တို့ဌာနကို သတင်းပို့ထားတာတော့မရှိသေးပါဘူး။ ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့မှာ ပြဋ္ဌာန်းထားတဲ့ ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေအမှတ်(၄၃)၊ အခန်း(၆)၊ ပုဒ်မ ၁၂ အရ ထိန်းသိမ်းစောင့်ရှောက်သူမရှိတဲ့ ရှေးဟောင်းပစ္စည်းတစ်ခုကိုတွေ့ရင် တွေ့သူက သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးထံကို သတင်းပို့ရပါမယ်။ ပုဒ်မ ၁၃(က)မှာ သတင်းပေးပို့ချက်လက်ခံရရှိတဲ့ တာဝန်ရှိသူက လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ထားပြီး ၁၄ ရက်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူးထံ သတင်းပို့ရပါမယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးက သတင်းလက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို အကြောင်းရပါမယ်။ ပုဒ်မ ၁၃ (ခ)အရ ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ခြင်းကို သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ သမိုင်းအမွေကိုတန်ဖိုးထားမြတ်နိုးတဲ့ ပြည်သူတွေဆီကရလာတဲ့ သတင်းတွေအပေါ်မှာ တာဝန်ရှိတဲ့အတိုင်း ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု ဒုတိယညွှန်ကြားရေးမှူးဦးစောလွင်က ပြောကြားသည်။ **ဇေယျာတု(မကွေး)**

# ဖက်ဒရယ်စနစ်မှာဆိုရင် သက်ဆိုင်ရာဗဟိုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတို့ လုပ်ပိုင်ခွင့်အာဏာခွဲပေးတဲ့စနစ်ဖြစ်

## ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးသန်းငွေး

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၉၀ အတွင်း စတင်လုပ်ဆောင်ရမည်ဆိုသည့်အချက်အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှစတင်ကာ ကျင်းပသည်။ အဆိုပါညီလာခံတွင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်၌ ပါဝင်သော အဖွဲ့အစည်းများမှ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိရေးကို ဦးတည်လျက် အပြုသဘောဆောင်သော ညှိနှိုင်းအဖြေရှာမှုများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သယံဇာတဟူသည့် ခေါင်းစဉ်ငါးခုဖြင့် စတင်ဆွေးနွေးသည့်အနက် စီးပွားရေးနှင့် မြေယာနှင့် သယံဇာတတို့အပေါ် အခြေခံသည့်မူများကို ဆွေးနွေးကြသူများ၏ ဆွေးနွေးဖြေကြားချက်တချို့ကို တင်ပြလိုက်ပါသည်။**


ဦးသိန်းထွန်း။


ဦးသန်းငွေး။


ဦးအောင်မျိုးခိုင်။


ဒေါက်တာရွှေခါး။

**ဦးသိန်းထွန်း(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်)**

အခွန်ကောက်ခံခြင်းနဲ့ ပြန်လည်ခွဲဝေခြင်းဟာ စီးပွားရေးနဲ့ ဘဏ္ဍာရေးအခြေအနေနဲ့ ဆက်စပ်တဲ့အတွက် တိုင်းပြည်ရဲ့ဘဏ္ဍာရေးနဲ့ စီးပွားရေးပိုင်းကိုခြုံပြီး ဆွေးနွေးဖြစ်ပါတယ်။ အခွန်ကောက်ခံခြင်းနဲ့ ပတ်သက်ပြီးတော့ အခွန်ဟာပမာဏတော့ တိုးတက်ရရှိတယ်။ ၄၅၁၃ ဘီလီယံကနေ ၆၅၁၅ ဘီလီယံအထိ တိုးတက်ရလာတယ်။ ဒါပေမယ့် အခွန်ရှောင်တဲ့ဟာတွေကို မရိုးမသားမသမာမှုပူးပေါင်းလုပ်ကိုင်ဆောင်ရွက်တာကို စီမံခန့်ခွဲပြီး ဥပဒေနည်းလမ်းအတိုင်းသိမ်းဆည်းဟန့်တားဖို့ပါ။ နောက်တစ်ခုက အခွန်ထမ်းပြည်သူတွေ အခွန်ပေးဆောင်တဲ့အခါမှာ လွယ်ကူတဲ့စနစ်ဖြစ်ပြီးတော့ အခွန်ဆိုင်ရာပညာပေးမှုတွေ ကျယ်ပြန့်ဖို့ပါ။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ရသင့်ရထိုက်တဲ့ အခွန်ပမာဏကို ပိုရပြီးတော့ ပြည်သူလူထုမှာလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့၊ အခွန်ကို ပြန်လည် ခွဲဝေမှုကတော့ ပြည်နယ်တွေရဲ့ တိုးတက်မှုက ပြည်တွင်းဖွံ့ဖြိုးတိုးတက်မှုကို ညီညာတဲ့ဖွံ့ဖြိုးတိုးတက်မှုဖြစ်ရေးကို ဦးတည်တဲ့အချက်၊ ဖွံ့ဖြိုးမှုနည်းတဲ့ဒေသတွေကို ပိုပြီးခွဲဝေပေးဖို့အချက်တွေကို ဆွေးနွေးပါတယ်။ ဖက်ဒရယ်စနစ်သွားရင်တော့ အာဏာခွဲဝေမှု၊ အခွန်ခွဲဝေမှုနဲ့ သယံဇာတခွဲဝေမှုတွေကတော့ ပါသွားမှာပဲ။ အဓိကကတော့ ပြည်ထောင်စု အစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတွေနဲ့ မှန်မှန်ကန်ကန်သဟဇာတရှိရှိခွဲဝေဖို့ အရေးကြီးပါတယ်။ အဲဒါမှ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်လာမယ်လို့ အကြံပြုချင်ပါတယ်။

**ဗိုလ်မှူးကြီးကျော်ဇင်ညွန့်(တပ်မတော်သားအစုအဖွဲ့ကိုယ်စားလှယ်)**

အခွန်ရဲ့သဘောသဘာဝက တိုင်းပြည်မှာရှိတဲ့ လူတန်းစားအလွှာအသီးသီးရဲ့ ဝင်ငွေကွာဟမှုကို နည်းပါးစေအောင် ဆောင်ရွက်တာဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုတာဖြစ်ပါတယ်။ နိုင်ငံတော်မှာ အစိုးရရဲ့ အသုံးစရိတ်ကာမိစေဖို့အတွက် ဘဏ္ဍာငွေရရှိရေးကိုသာ ဦးတည်ပြီးတော့ အခွန်ကောက်တာ မဟုတ်ပါဘူး။ ငွေကြေးလည်ပတ်မှု မှန်ကန်စေဖို့ ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုတွေကို ထိန်းညှိပေးနိုင်ဖို့၊ ကုန်ဈေးနှုန်းတည်ငြိမ်ဖို့၊ ခနအင်အား မျှတစေဖို့၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ အခွန်ကောက်ယူခြင်းဖြစ်ပါတယ်လို့ သိရပါတယ်။ ပြည်သူ့ဘဏ္ဍာအရင်းအမြစ်တွေ ထိရောက်စွာ စုစည်းခွဲဝေ အသုံးချရေး အရေးပါတဲ့ အခွန်ကောက်ယူမှုစနစ်ဟာ ကျနပြီးတော့ ခိုင်မာကောင်းမွန်ရေးကလည်း အခြေခံလိုအပ်ချက် တစ်ရပ်ဖြစ်တယ်လို့ ယုံကြည်ပါတယ်။

အခွန် အမျိုးအစားများကို တိုက်ရိုက်အခွန်နဲ့ သွယ်ဝိုက်အခွန်ဆိုပြီးတော့ နှစ်မျိုးခွဲခြားထားပါတယ်။ တိုက်ရိုက်အခွန်ဆိုတာ ဝင်ငွေ သို့မဟုတ် ပစ္စည်းပိုင်ဆိုင်မှု သို့မဟုတ် ရရှိမှုပေါ်မှာ ကောက်ယူတဲ့အခွန်ဖြစ်ပြီးတော့ သွယ်ဝိုက်အခွန်ကတော့ ကုန်သွယ်ရောင်းဝယ်မှုနဲ့ ဈေးနှုန်းများအပေါ်အခြေခံပြီး ကောက်ယူတဲ့အခွန်ဖြစ်ပါတယ်။ ဒီလိုကောက်ယူခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ပါတယ်။ အခွန်စနစ်ကောင်းတစ်ခုဖြစ်ဖို့ အခွန်စနစ်မှာ မျှတမှုရှိဖို့၊ စွမ်းဆောင်နိုင်မှုရှိဖို့၊ ပြည့်စုံလုံလောက်ဖို့ လိုအပ်တယ်ဆိုတဲ့ အကြောင်း တွေ့ရှိရပါတယ်။ အခွန်စနစ်မျှတမှုဆိုတာ အခွန်စည်းကြပ်တဲ့နေရာမှာ တရားမျှတမှုရှိရန်လိုခြင်းဖြစ်ပါတယ်။

**ဦးသန်းငွေး(ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်)**

ယနေ့သွားနေတဲ့ နိုင်ငံရေးယဉ်ကျေးမှုက ရှိနေတဲ့ပြဿနာတွေကို ဆွေးနွေးညှိနှိုင်းခြင်းနည်းနဲ့ အဖြေရှာတဲ့ ယဉ်ကျေးမှုဖြစ်ပါတယ်။ အဲဒါကြောင့် ဒီညီလာခံဖြစ်လာခဲ့တာဖြစ်တယ်။ ဒီနေ့ဆွေးနွေးတာကတော့ အခွန်ငွေတွေကို ဘယ်လိုခွဲပြီးကောက်ခဲ့ကြမလဲ၊ ဘယ်လိုပြန်သုံးကြမလဲ၊ ဖက်ဒရယ်စနစ်မှာဆိုရင် သက်ဆိုင်ရာဗဟိုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတို့ လုပ်ပိုင်ခွင့်အာဏာခွဲပေးတဲ့စနစ်ဖြစ်တယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ဗဟိုအစိုးရတို့အတွက် မျှမျှတတ ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာ အခြေခံမူနဲ့ စဉ်းစားဖို့လိုပါတယ်။ လက်တွေ့လည်းကြဖို့လိုပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ အဓိကကတော့ ဖက်ဒရယ်အခြေခံတဲ့ အုပ်ချုပ်ရေးစနစ်သွားမယ်။ အဲဒါနဲ့ ကိုက်ညီတဲ့ ပိုက်ဆံကို ဘယ်လိုရှာကြမလဲ ဘယ်လိုခွဲဝေသုံးစွဲကြမလဲ ဒီစနစ်ကို ရှာနေပါတယ်။ အခု ဆွေးနွေးညှိနှိုင်း အဖြေရှာတဲ့နည်းလမ်းနဲ့ သွားနေတဲ့အတွက် ကျန်တဲ့အဖွဲ့တွေရဲ့အမြင်နဲ့ ကိုယ့်ဟာတွေနဲ့ လာပြီးတော့ ကိုက်ညီနေတာလည်း ရှိပါတယ်။ ခြုံပြောရရင် ကျွန်တော်တို့ ရှေ့ဆက်ပြီးသဘောထား ကွဲစရာတောင်မရှိတော့ဘူး။ ကျွန်တော်တို့အနေနဲ့ အချိန်တော့ယူရပါတယ်။

**ဦးအောင်မျိုးခိုင်(မြန်မာနိုင်ငံတောင်သူလယ်သမားပြည်သူ့ပါတီဥက္ကဋ္ဌ)**

ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားပြည်သူအများစု လိုလားချက်အရ ဦးတည်ချက်ဖြစ်လာတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ထောင်ဖို့ စတင်ပြင်ဆင်နေကြပြီဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို စတင်တာနဲ့ ပထမဦးဆုံးကြုံတွေ့ရမှာက ခွဲဝေသုံးစွဲခြင်းပဲဖြစ်ပါတယ်။ ဗဟိုအဆင့်အစိုးရနဲ့ပြည်နယ်အဆင့်အစိုးရအကြားမှာလည်း ညှိနှိုင်းအဖြေရှာသွားကြရမှာပါ။ ပြည်နယ်အစိုးရအချင်းချင်းကြားမှာဖြစ်စေ၊ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရကြားမှာဖြစ်စေ ညှိနှိုင်းအဖြေရှာသွားကြရမှာကတော့ သယံဇာတခွဲဝေမှု ပြဿနာဖြစ်ပါတယ်။ ရေရှည်မှာကြုံတွေ့ရမှာဖြစ်လို့ စဉ်းစားညှိနှိုင်းပြီး လုပ်ဆောင်သွားကြဖို့ပါပဲ။ သယံဇာတခွဲဝေသုံးစွဲမှုဆိုပေမယ့် ထွက်ရှိတဲ့သယံဇာတတွေကိုပဲ ကြည့်လို့မရပါဘူး။ ပြည်နယ်များရဲ့နယ်နိမိတ်ကိစ္စတွေဖြစ်တဲ့ မြေပြင်၊ရေပြင်၊လေထုသဘာဝနယ်မြေဆိုင်ရာ၊ နောက်ဆုံး မြစ်ချောင်းတွေကအစ ဒါတွေဟာလည်းသယံဇာတတွေ ဖြစ်ပါတယ်။

ပြည်နယ်နှစ်ခု ဒါမှမဟုတ် နှစ်ခုထက်ပိုတဲ့ပြည်နယ်တွေအကြားမှာ စွမ်းအင်ဆိုင်ရာ ဥပမာ စိုက်ပျိုးရေရရှိရေးလိုကိစ္စမျိုးတွေ၊ ကူးသန်းသွားလာရေးကိစ္စတွေ၊ ဂေဟစနစ်ကိစ္စတွေ၊ ပြည်သူတွေအပေါ်မှာ ထိပါးသွားနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စတွေ အားလုံးကိုလည်း သယံဇာတခွဲဝေခြင်းမှာထည့်သွင်းပေးပြီး ဆွေးနွေးသွားဖို့ လိုအပ်ပါတယ်။ သဘာဝပထဝီအနေအထားအရပဲကြည့်ကြည့်၊ သယံဇာတတွေပြည့်စုံမှုအပေါ်မှာပဲ ကြည့်ကြည့် ကျွန်တော်တို့ နိုင်ငံဟာ အင်မတန်ချမ်းသာတဲ့၊ အင်မတန်ကြွယ်ဝတဲ့နိုင်ငံဆိုတာ ကျွန်တော့်အနေနဲ့ ရဲရဲဝံ့ဝံ့ တင်ပြလိုပါတယ်။

သဘာဝသယံဇာတစီမံခန့်ခွဲတဲ့အဖွဲ့ကို ဗဟိုအဆင့်မှာရော ပြည်နယ်များအဆင့်မှာပါဖွဲ့စည်းသင့်တယ်လို့ အကြံပြုတင်ပြလိုပါတယ်။ အဲဒီလိုအဖွဲ့တွေကနေတစ်ဆင့် စီမံခန့်ခွဲမှုတွေ ကောင်းစွာလုပ်ကိုင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ လက်ရှိပြည်သူတွေအတွက်တင်မကပါဘူး နောင်လာမယ့် မျိုးဆက်သစ်ပြည်သူတွေအတွက်ပါ ရေရှည်မြော်မြင်နိုင်တဲ့စီမံခန့်ခွဲမှုမျိုး၊ မူဝါဒမျိုးတွေလိုအပ်ပါတယ်။ ဘယ်လိုသယံဇာတတွေကို ရေရှည်ထိန်းသိမ်းထားသင့်သလဲ၊ ဘယ်လောက်အတိုင်းအတာထိထုတ်ယူသင့်သလဲ၊ ဒေသခံပြည်သူတွေရဲ့စီးပွားရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို ဘယ်လိုအကျိုးသက်ရောက်စေမလဲ စတဲ့အစီအမံတွေအားလုံးကို ဒီအဖွဲ့အစည်းက ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါဟာ ထိန်းချုပ်လုပ်ဆောင်မှုကို လျှော့နည်းစေမှာဖြစ်ပါတယ်။ လွှတ်တော်အဖွဲ့များလည်းပါဝင်မှာဖြစ်ပြီး ဒေသခံပြည်သူများလည်း ပါဝင်ရမှာဖြစ်ပါတယ်။ ပါဝင်သင့်ပါဝင်ထိုက်တဲ့ နိုင်ငံရေးပါတီများ၊ NGO များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များရဲ့ ပူးပေါင်းဆောင်ရွက်မှုကလည်း အရေးကြီးပါတယ်။

ပြည်နယ်တစ်ခုနဲ့တစ်ခု၊ ပြည်နယ်နှစ်ခုအကြား၊ ပြည်နယ်သုံးလေးခုအကြားမှာတည်ရှိနေတဲ့ သယံဇာတဆိုင်ရာအငြင်းပွားမှုတွေ ပေါ်ပေါက်လာရင်လည်း ညှိနှိုင်းဖြေရှင်းနိုင်မယ့် မူဝါဒမျိုးတွေ၊ အဆုံးအဖြတ်ပေးနိုင်မယ့် အဖွဲ့အစည်းမျိုးတွေကိုလည်း အခုတည်းကစဉ်းစားထားဖို့လိုပါတယ်။ ဆက်လက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ သယံဇာတထုတ်ယူသုံးစွဲတဲ့နေရာမှာ အလွန်အကျွံမှီခိုနေတာ ဖြစ်ပါတယ်။ ဒီလိုပုံစံရေရှည်သွားတာထက် လူသားသယံဇာတတွေကိုလည်း ပိုမိုတိုးတက်စေသင့်ပါတယ်။ ပညာရေးနဲ့ကျန်းမာရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုပြုသင့်ပါတယ်။ ဆိုလိုတာက နိုင်ငံတော်သယံဇာတကရရှိတဲ့ဝင်ငွေကို လူသားသယံဇာတမှာ ပြန်လည်ရင်းနှီးမြှုပ်နှံသင့်ပါတယ်။ သယံဇာတကို ကုန်ကြမ်းအဖြစ်ပဲ ရောင်းစားနေမယ့်အစား အဆင့်မြင့်နည်းပညာနဲ့ ပေါင်းစပ်ပြီးတော့ နိုင်ငံအတွက်အကျိုးရှိစွာသုံးစွဲနိုင်ရေးနဲ့ ဒေသခံပြည်သူတွေရဲ့အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတွေ ပါဝင်မယ့်မူဝါဒတွေကိုရေးဆွဲသင့်ပါတယ်။

**ဒေါက်တာရွှေခါး (ချင်းအမျိုးသားတပ်ဦး တွဲဖက်အတွင်းရေးမှူးချုပ်)**

ကျွန်တော်တို့ အခုက မူဝါဒချမှတ်တဲ့အချိန်ပါ။ တိုင်းရင်းသားလူနည်းစုတွေရဲ့ သယံဇာတဆိုင်ရာဘာပြဌာန်းချက်ရှိလဲ ကြည့်ပြီးတော့ မူဝါဒချမှတ်ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကြားမှာ ချုပ်ဆိုထားတဲ့သဘောတူညီမှုတွေမှာ သယံဇာတခွဲဝေမှုမှာ ဘာအချက်တွေပါလဲ။ အဲဒီတွေကြည့်ပြီး ဘာမူဝါဒချမှတ်သင့်တယ်ဆိုတာ ဆွေးနွေးပါတယ်။ ဒီညီလာခံရဲ့ အဓိကအချက်ဖြစ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ တန်းတူညီသော ဒီမိုကရေစီအရေးကို အပြည့်အဝအာမခံချက်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ဖြစ်ပါတယ်။ ပထမအချက်ကတော့ သယံဇာတအပါအဝင် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိရေးအပြည့်အဝဖြစ်သင့်ပါတယ်။ နိုင်ငံတကာ ပြဌာန်းချက်တွေ၊ ကျွန်တော်တို့ရဲ့ သဘောတူညီချက်တွေကို ကြည့်ပြီးတော့ မူဝါဒတွေချမှတ်ရမှာဖြစ်ပါတယ်။ သယံဇာတဆိုတာ ဘာတွေလဲဆိုတဲ့ အဓိပ္ပာယ်ကို သေချာသိဖို့လိုပါတယ်။ ပိုင်ဆိုင်ခွင့်၊ ထုတ်ယူသုံးစွဲခံစားခွင့်တွေက ဘယ်သူ့ဆီမှာရှိသင့်သလဲဆိုတာကို နိုင်ငံတကာမှာရော ဘယ်လိုပြဌာန်းကြလဲဆိုတာ ကြည့်ရမှာပါ။

ထုတ်ယူသုံးစွဲတဲ့ နေရာမှာလည်း အဓိက ဆိုးကျိုးခံစားနေရတာက ဒေသခံတွေဖြစ်တဲ့အတွက် ဒေသခံတွေကို ဘယ်လိုအကာအကွယ်ပေးမလဲဆိုတာတွေ ထည့်သွင်းစဉ်းစားရပါမယ်။ နောက်တစ်ခုကတော့ သယံဇာတထုတ်ယူ သုံးစွဲမှုကနေထွက်ပေါ်လာမယ့် အကျိုးအမြတ်ကို ဘယ်လိုခွဲဝေကြမလဲ။ ပြည်ထောင်စုဆိုတာက အကုန်လုံးစုထားတဲ့ ပြည်ထောင်စုဖြစ်တဲ့အတွက် ခွဲဝေသုံးစွဲတဲ့နေရာမှာ အဓိကပါဝင်ရမှာပါ။ မူဝါဒချမှတ်တဲ့အချိန်မှာ ထုတ်ယူသုံးစွဲတဲ့ နေရာမှာလည်း ဒေသခံတွေရဲ့ သဘောတူညီချက်ကို ရယူသင့်တယ်ဆိုတဲ့ အချက်ကို ထည့်သွင်းသင့်ပါတယ်။ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရင် ဘယ်လိုအခွင့်အရေးရှိသင့်သလဲ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေအနေနဲ့ ပြည်ထောင်စုနဲ့ပူးပေါင်းပြီး သယံဇာတခွဲဝေဖို့ ဘယ်လိုအချက်တွေရှိလဲ။ အဲဒါတွေကို မူတည်ပြီးချမှတ်ရပါမယ်။ ပြည်နယ်တစ်ခုနဲ့တစ်ခု သယံဇာတထွက်ရှိမှု မတူခြင်းကြောင့် ဘယ်လိုခွဲဝေသုံးစွဲမလဲဆိုတာ ပြည်ထောင်စုအနေနဲ့ ညှိပေးဖို့ တာဝန်ရှိပါတယ်။ အဲဒါကြောင့် ပြည်ထောင်စုက ပြည်နယ်တစ်ခုနဲ့တစ်ခု တန်းတူရှိဖို့အတွက် လုပ်ဆောင်ပေးရမှာဖြစ်ပြီး ကျွန်တော်တို့ကလည်း ပြည်ထောင်စုကို ကာကွယ်ပေးရမှာပါ။

ငါးရက်ကြာကျင်းပမည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်း အသီးသီးတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သယံဇာတ စသည်တို့ကို ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်ကာ ညှိနှိုင်းဆွေးနွေးအဖြေရှာလျက်ရှိပြီး လက်မှတ်မထိုးနိုင်သေးသော ကျန်ရှိသည့်အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်က ငြိမ်းချမ်းရေးတံခါး အစဉ်အမြဲဖွင့်လှစ်ပေးထားလျက်ရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ
နိုင်လင်းကြည်၊ မေသကြီန်၊ အေးအေးမြင့်

ပြည်တွင်းရေးရာ

# ပထမဆုံးအကြိမ်ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲညီလာခံမှ ကဏ္ဍငါးခုအတွက် ဆွေးနွေးတင်ပြချက်များကို တရားဝင်စာအုပ်စာတမ်းများအဖြစ် ပြန်လည်ထုတ်ဝေမည်

သတင်း – ရဲခေါင်ညွန့်
ဟန်နီဝင်း
ဓာတ်ပုံ – ဖိုးထောင်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပထမဆုံးအကြိမ် ပြုလုပ်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲညီလာခံမှ ကဏ္ဍငါးခုအတွက် ဆွေးနွေး တင်ပြချက်များကို တရားဝင် စာအုပ်စာတမ်းများအဖြစ် ပြန်လည်ထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။

"ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးပွဲညီလာခံက ဆွေးနွေးချက်တွေကို တစ်နိုင်ငံလုံးသိအောင်လည်း တရားဝင် စာအုပ်စာတမ်းတွေနဲ့ ထုတ်ဝေမှာဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးက ကဏ္ဍအလိုက် ဆွေးနွေးပွဲပါ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ သဘာဝသယံဇာတတွေကို ဘယ်လိုခွဲဝေကျမလဲဆိုတာတွေပါ။ မနက်ဖြန်လည်း ဒီအတိုင်းပဲ ဆက်လက်ဆွေးနွေးကြမှာပါ။ နောက်ဆုံးရက်မှာတော့ ဆွေးနွေးချက်တွေအားလုံးကို စုပြီးတော့ ကိုယ်စားလှယ် ၇၀၀ လုံးက ပြန်လည်တင်ပြမှာ ဖြစ်ပါတယ်။ အဲ့ဒီတင်ပြချက်တွေကိုလည်း နောင်အစိုးရလက်ထက် ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်တဲ့အခါမှာ ဆက်လက်သယ်ဆောင်သွားနိုင်ဖို့အတွက် လွှဲပြောင်းပေးခဲ့မယ်လို့ ကျွန်တော်နားလည်ထားပါတယ်။ ဒါကြောင့် ဒီနေ့ဟာ တကယ့်ဆွေးနွေးပွဲ စတင်တဲ့နေ့လို့ပြောရင်ရပါတယ်"ဟုMPC မှ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအစီအစဉ်၏ တွဲဖက်ဒါရိုက်တာ ဦးအောင်နိုင်ဦးက ပြောသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် ညီလာခံပထမနေ့နှင့် ဒုတိယနေ့များက အခန်းခုနစ်ခန်းခွဲ၍ သီးခြားဆွေးနွေးခဲ့ကြသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍငါးခုအား အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ လွှတ်တော်မှ ကိုယ်စားလှယ်များ၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် ပါဝင်သင့်ပါဝင်ထိုက်သူများပါဝင်သည့် အစုအဖွဲ့မှ ကိုယ်စားလှယ်များက ၎င်းတို့သီးခြား ဆွေးနွေးခဲ့ကြသည့် စဉ်းစားယူဆချက်များကို အခန်းငါးခန်းခွဲကာ မိနစ် ၃၀ စီ တင်ပြခဲ့ကြသည်။



ဦးအောင်နိုင်ဦး။



ဦးခင်ရီ။



ရဲဘော် မျိုးဝင်း။



ဦးဟန်ရွှေ။

အစိုးရအစုအဖွဲ့ကိုယ်စားလှယ်မှ ဦးခင်ရီက "ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲညီလာခံက ဆွေးနွေးချက်တွေကို စာအုပ်ထုတ်မယ်ဆိုတာ ဟုတ်ပါတယ်။ စုပေါင်းတဲ့ဟာကိုပဲ ထုတ်မလား၊ ဘယ်လိုထုတ်မလဲဆိုတာတော့ မသိသေးဘူး။ မနေ့ကစပြီး အုပ်စုထဲမှာ အဖွဲ့ပြန်ဖွဲ့ပြီး ကျွန်တော်တို့အဖွဲ့က နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးပေါ်မှာ အခြေခံသင့်တဲ့မူတွေကိုဆွေးနွေးခဲ့တယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုမှာ ဘယ်လိုကာကွယ်ရေးစနစ်မျိုးရှိသင့်တယ်၊ ဘယ်လိုလုံခြုံရေးစနစ်မျိုး ရှိသင့်တယ်ဆိုတာ အပြန်အလှန် ဆွေးနွေးကြတယ်။ အခြားအဖွဲ့တွေကလည်း ဆွေးနွေးခဲ့ကြတယ်။ ကျွန်တော်တို့ဘက်က တင်ပြတာကတော့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကို သီးခြားခွဲတယ်။ ကာကွယ်ရေးမှာဆိုရင် တပ်မတော်ရှိတယ်။ နောင်ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ ရောက်လာတာရှိမယ်။ ဒီအဖွဲ့တွေက သူတို့ရဲ့ စည်းမျဉ်းစည်းကမ်းအလျောက် တပ်မတော်ထဲမှာ အမှုထမ်းချင်တယ်ဆိုရင် ဘယ်လို ဆောင်ရွက်ကြမယ်။ ပြီးတော့ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတွေဖြစ်တဲ့ ရဲတပ်ဖွဲ့တို့ လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်၊ သစ်တောတို့ ဒီလိုအဖွဲ့တွေမှာ အမှုထမ်းချင်ရင်ရော ဘယ်လိုဆောင်ရွက်ပေးကြမယ်ဆိုတာမျိုးကို စဉ်းစားဆွေးနွေးတာပါ"ဟု လုံခြုံရေးဆိုင်ရာကဏ္ဍနှင့် ပတ်သက်၍ အစိုးရဘက်မှ ဆွေးနွေးမှုအား ပြောကြားသည်။

လုံခြုံရေးဆိုင်ရာ ကဏ္ဍတွင် တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှ ဝင်ရောက်ဆွေးနွေးသူ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၏ ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းက "ပထမအကြိမ် ဆွေးနွေးပွဲဖြစ်တဲ့အတွက် မတူကွဲပြားတာတွေ၊ မတူကွဲပြားတဲ့အမြင်တွေ ရှိပါတယ်။ ဒါတွေကို လက်ခံပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAO) တွေက နိုင်ငံတော်လုံခြုံရေးနဲ့ ပတ်သက်ပြီးပဲ စဆွေးနွေးရသေးတယ်။ လုံခြုံရေးဆိုင်ရာမှာ အခြေခံသင့်တဲ့မူ ၁၁ ချက် တင်သွင်းလာတာရှိတယ်။ အခုလိုတိုတောင်းတဲ့ အချိန်ကာလအတွင်းမှာတော့ ကဏ္ဍအားလုံးတော့ဆွေးနွေးဖို့ အချိန်မလုံလောက်နိုင်ပါဘူး။ မတူကွဲပြားတဲ့အမြင်တွေရှိကြပေမယ့် မတူကွဲပြားတဲ့အမြင်တွေကို စတင်ဆွေးနွေးနိုင်တာကိုက တိုးပြည်ရဲ့ တိုးတက်မှုပဲဖြစ်ပါတယ်။ အရင်ကာလက မထိရ၊ မတို့ရတဲ့ ကိစ္စတွေကို အခုထိခွင့်၊ တို့ခွင့်ရပြီး ဆွေးနွေးနိုင်ကြပါပြီ။ ပြီးတော့ ဒီညီလာခံရဲ့ ရည်ရွယ်ချက်မှာကိုက ဆုံးဖြတ်ချက်ချဖို့လည်း မဟုတ်ဘူး။ မတူတဲ့ဟာတွေ မတူတဲ့အလျောက် စုစည်းပြီး မှတ်တမ်းတင်ထားဖို့အတွက်ပဲ။ မတူတဲ့သဘောထားမှတ်တမ်းတွေကတစ်ဆင့် နောင်အစိုးရသက်တမ်းမှာ ဆက်လက်အဖြေရှာကြမယ်။ ဒီလိုမတူတဲ့ သဘောထားတွေကို မှတ်တမ်းတင်ထားနိုင်တာကိုက မတူညီတဲ့ ပြဿနာအရပ်ရပ်ပေါ်မှာ ဘယ်လိုအမြင်တွေရှိကြတယ်ဆိုတာကို စုစည်းခွင့်ရတာပဲဖြစ်ပါတယ်"ဟုပြောသည်။

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ဖက်ဒရယ်အခြေခံမူများနှင့် ဒီမိုကရေစီအခြေခံမူကိစ္စများအား ဆွေးနွေးသည့် နိုင်ငံရေးကဏ္ဍကို စိတ်ဝင်စားမှုများပြားခဲ့သည်။

ငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့ကိုယ်စားလှယ်အဖြစ် ပါဝင်သူ ဦးလှမောင်ရွှေက "ဒီနေ့မှာ ကဏ္ဍကြီးငါးခုကို အစုအားလုံးက ပေါင်းပြီးဆွေးနွေးတယ်။ နိုင်ငံရေးကဏ္ဍကို စိတ်ဝင်စားမှု အများဆုံးရှိတယ်။ ကိုယ်စားလှယ်ရဲ့ ၃၀ ရာခိုင်နှုန်းလောက် သွားပြီးဆွေးနွေးကြတယ်။ မနက်ဖြန်မှာလည်း ထပ်ပြီးဆွေးနွေးကြမယ်။ အခု ဆွေးနွေးချက်တွေက စုစည်းချက်တွေဖြစ်ပါတယ်။ ဒီစုစည်းချက်တွေကိုစုစည်းပြီး နောက်ဆုံးရက်မှာ ညီလာခံကိုတင်သွင်းမယ်။ ဒီလိုတင်သွင်းပြီးရင်တော့ နိုင်ငံတော်က တာဝန်ရှိတဲ့သူကို လွှဲပေးမယ်။ ဒီလိုကနေမှ နောက်အစိုးရအနေနဲ့ ငြိမ်းချမ်းရေး ကိစ္စရပ်တွေကို လွှတ်တော်မှာ ဆက်လက်ဆောင်ရွက်ဖို့လက်ဆင့်ကမ်းမယ်။ ဒါဟာ အဆင့်ဆင့်သွားရမယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံရဲ့ ဆွေးနွေးချက်တွေကိုလည်း တရားဝင်စာအုပ်လည်း ထုတ်ပြန်သွားမှာပါ"ဟုပြောသည်

တိုင်းရင်းသားညီညွတ်ရေးပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဦးဟန်ရွှေက နိုင်ငံရေးကဏ္ဍ ဆွေးနွေးမှုနှင့် ပတ်သက်၍ "ရှုထောင့်မျိုးစုံကနေ အမျိုးမျိုး ဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော်ကတော့ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်တဲ့အခါမှာ တိုင်းရင်းသားတွေအတွက် ထားရှိသင့်တဲ့ အခြေခံမူရှုထောင့်ကနေ ဆွေးနွေးတာပါ။ တိုင်းရင်းသားလူမျိုးတွေအနေနဲ့ ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေးအတွက် ဆွေးနွေးပါတယ်။ တိုင်းရင်းသားတွေဟာ ဖွံ့ဖြိုးတိုးတက်မှုလည်း နောက်ကျတယ်။ အရေအတွက်အားဖြင့်လည်း နည်းတဲ့တိုင်းရင်းသားတွေရှိပြီးတော့ တဖြည်းဖြည်း ပျောက်ကွယ်သွားနိုင်တဲ့ အန္တရာယ်ရှိတယ်။ ဒီလိုအန္တရာယ်ရှိတဲ့အတွက် သူတို့ရဲ့ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေးကို တာဝန်ယူဆောင်ရွက်ဖို့လိုအပ်တာကို အနှစ်ချုပ်ဆွေးနွေးခဲ့တယ်။ နောက်တစ်ခုအနေနဲ့ တိုင်းရင်းသားတွေ အတွင်းမှာ Human Development ကွာဟချက်က တိုင်းရင်းသားတွေကို မကျေနပ်မှုတွေ ဖြစ်စေပါတယ်။ ဒါကြောင့် ဒီကွာဟချက်ကို ကျဉ်းနိုင်သမျှကျဉ်းအောင်မဖွံ့ဖြိုးသေးတဲ့တိုင်းရင်းသားတွေအတွက် ဖွံ့ဖြိုးပြီးတဲ့ တိုင်းရင်းသားတွေက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမှာပါ။ နိုင်ငံရေးကဏ္ဍအပေါ်မှာ ဆွေးနွေးကြတဲ့နေရာမှာ မတူညီတာတွေလည်း ရှိတယ်။ အများစုက တူညီတဲ့သဘောထားရှိတယ်"ဟုပြောသည်။

ပထမဆုံးအကြိမ် ပြုလုပ်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲညီလာခံစတုတ္ထနေ့တွင် ကဏ္ဍငါးခုအတွက် အကြောင်းအရာများကို သက်ဆိုင်ရာ အစုအဖွဲ့အတွင်း ဆက်လက်ဆွေးနွေးမည်ဖြစ်ပြီး ပဉ္စမနေ့တွင် သက်ဆိုင်ရာအစုအဖွဲ့အတွင်း ဆွေးနွေးခြင်း၊ ညီလာခံကျင်းပခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အဆိုပြုချက်များအား တင်သွင်းခြင်းကို ဆက်လက် ဆောင်ရွက်မည်ဖြစ်သည်။

ooo

## သားမယားအဖြစ်ပြုကျင့်ပြီး ရွှေထည်ပစ္စည်းနှင့်ငွေများလုယက်သူအား ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က လှိုင်သာယာမြို့နယ် (၄)ရပ်ကွက် FMI City (ပဒေသာပင်မြို့တော်) ယမင်းရွှေဝါလမ်းနေ အိမ်ရှင်ဖြစ်သူ ဒေါက်တာ ဒေါ်--- မှာ ဆေးခန်းတွင် ရှိနေပြီး အိမ်အကူဖြစ်သူ မ---- မှာ နေအိမ်တွင်ရှိနေစဉ် အသက် (၂၇)နှစ်ခန့်ရှိ အမျိုးသားတစ်ဦးရောက်ရှိလာပြီး အိမ်အကူဖြစ်သူ မ---အား ဓားဖြင့်ထောက်ကာ ရတနာပစ္စည်းများထားသည့်နေရာအား ခြိမ်းခြောက်မေးမြန်းခဲ့သဖြင့် အိမ်အကူမှ ကြောက်လန့်၍ မီးခံသေတ္တာအား ဖွင့်ပေးလိုက်ရကြောင်း၊ မီးခံသေတ္တာအတွင်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ၊ အမေရိကန် ဒေါ်လာ၊ စင်ကာပူဒေါ်လာနှင့် မြန်မာငွေရောရာ စုစုပေါင်းတန်ဖိုး ကျပ် ၂၃၁၁၅၀၀ အား ယူဆောင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူက အိမ်အကူ မ---- အား သားမယားအဖြစ် တစ်ကြိမ်ပြုကျင့်ခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်း (ပ)၆၅/၂၀၁၆၊ ပုဒ်မ-၃၈၆/၃၇၆ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

အဆိုပါအမှုအား ဖော်ထုတ်ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းပြီး စုံစမ်းဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။

အထူးအမှုစစ်အဖွဲ့မှ အခင်းဖြစ်ရပ်သို့ ချက်ချင်းသွားရောက်ပြီး အိမ်ရှင်၊ ပြစ်မှုကျူးလွန်ခံရသူနှင့် အခင်းဖြစ်ရပ်တို့အား စစ်ဆေးခဲ့ပြီး မသင်္ကာသူအား စုံစမ်းဖော်ထုတ်ခဲ့သည်။

စုံစမ်းတွေ့ရှိချက်များအရ ပြစ်မှုကျူးလွန်သူမှာ ယခင်က အဆိုပါနေအိမ်တွင် သွားနှင့်ပတ်သက်သော ဆေးပစ္စည်းများကို ကားပေါ်သို့ အတင်အချပြုလုပ်သည့် အလုပ်သမားနှစ်ဦးအနက် လှိုင်သာယာမြို့နယ်နေ သက်ယုဇော် (၃၀)နှစ်ဖြစ်နိုင်ကြောင်း မသင်္ကာဖွယ်သိရှိရသဖြင့် လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ ဇန်နဝါရီ ၁၄ ရက် နံနက် ၀၀ နာရီ ၄၅ မိနစ်တွင် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့ရှိ ၎င်း၏ ဖခင်ဖြစ်သူနေအိမ်မှ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုဖြင့် မသင်္ကာသူ ရခိုင်(ခ)ဖိုးလပြည့်(ခ)သက်ဇော်မင်း(ခ)သက်ယုဇော်အားစစ်ဆေးရာ ၎င်းသည် ၂၀၁၅ ခုနှစ် ဩဂုတ်လမှစတင်၍ အခင်းဖြစ်နေအိမ်မှ သွားနှင့်ပတ်သက်သောဆေးပစ္စည်းများကို ယာဉ်မောင်း ဘိုထီး(ခ) ဦးခင်မောင်ထွန်း မောင်းနှင်သည့်ကားဖြင့် သယ်ယူပို့ဆောင်သည့် အလုပ်လုပ်ကိုင်ခဲ့ရာမှ ၎င်းနေအိမ်တွင် နေ့လယ်ပိုင်းအချိန်များတွင် အိမ်ရှင်ဖြစ်သူ၏ အဒေါ်တော်စပ်သူ အသက် (၉၂)နှစ်အရွယ် အမျိုးသမီးကြီးနှင့် အိမ်အကူ အမျိုးသမီးနှစ်ဦးတည်းသာရှိသည်ကို သိရှိထားကြောင်း၊ အခင်းဖြစ်ပွားသည့် ဇန်နဝါရီ ၁၂ ရက် နံနက် ၁ နာရီခန့်တွင် ၎င်းတစ်ဦးတည်း အဆိုပါ နေအိမ်နောက်ဘက်ခြံစည်းရိုးမှ ကျော်တက်ဝင်ရောက်ခဲ့ပြီး အနီးရှိ ရေကန်ဘေးတွင် ညအိပ်ကာ ပြစ်မှုကျူးလွန်ရန်စောင့်ဆိုင်းနေခဲ့ကြောင်း၊ နံနက် ၁၀ နာရီခွဲခန့်တွင် အိမ်ရှင်များ ကားဖြင့် ထွက်သွားပြီးနောက် အိမ်အကူ အမျိုးသမီးမှာ အလုပ်လုပ်ရန်အတွက် ရေကန်အနီးသို့လာရောက်စဉ် ၎င်းအားတွေ့ရှိသွားပြီး အော်မည်ပြုသဖြင့် အမျိုးသမီး၏ ပါးစပ်ကို လက်ဖြင့်ပိတ်၍ ဓားဖြင့်ထောက်ကာ နောက်ဖေးတံခါးမှ နေအိမ်အတွင်းသို့ ခေါ်ဆောင်သွားကြောင်း၊ နေအိမ်အပေါ်ထပ်ရှိ အခန်းများအား လိုက်လံပြသစေပြီး ပွင့်နေသောအခန်းအတွင်းသို့ရောက်ရှိစဉ် အမျိုးသမီးအား ဓားဖြင့်ထောက်၍ ခြိမ်းခြောက်ပြီး အလိုမတူဘဲ သားမယားအဖြစ် တစ်ကြိမ်ပြုကျင့်ခဲ့ကြောင်း သိရသည်။

၎င်းနောက် အိမ်ရှင်ဖြစ်သူ၏အိပ်ခန်းတံခါးသော့အား ဓားဖြင့်ထောက်၍ခြိမ်းခြောက်တောင်းရာ အိမ်အကူအမျိုးသမီးက မရှိကြောင်းပြောသဖြင့် နေအိမ်အောက်ထပ် မီးဖိုချောင်အတွင်းမှ တွေ့ရှိသော တူဖြင့် အခန်းတံခါးသော့အားဖျက်၍ အခန်းအတွင်းသို့ဝင်ရောက်ခဲ့ကြောင်း၊ မီးခံသေတ္တာအနီးရှိ ခရီးဆောင်အိတ်အတွင်းမှ တွေ့ရှိသည့်သော့များဖြင့် မီးခံသေတ္တာအားဖွင့်ပြီး ရွှေထည်ပစ္စည်းမျိုးစုံ၊ အမေရိကန်ဒေါ်လာ၊ စင်ကာပူဒေါ်လာနှင့် မြန်မာငွေရောရာ စုစုပေါင်းတန်ဖိုး ကျပ် ၂၃၁၁၅၀၀ အား ယူဆောင်ကာ အိမ်အကူအမျိုးသမီးအား ခြေနှင့်လက်တို့အား ကြိုးဖြင့်တုပ်နှောင်ပြီး ခြံဝင်းတံခါးသော့ထားသည့်နေရာအား မေးမြန်းရယူကာ အိမ်ရှေ့တံခါးပေါက်မှ ထွက်လာခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူ ရခိုင်(ခ)ဖိုးလပြည့်(ခ)သက်ဇော်မင်း(ခ)သက်ယုဇော်မှာ အိမ်အကူအမျိုးသမီးနှင့် ရင်းနှီးပတ်သက်ခြင်း၊ သမီးရည်းစားဖြစ်ခြင်း၊ ကြိုတင်ညှိနှိုင်းတိုင်ပင် ချိတ်ဆက်ထားခြင်းမရှိကြောင်း၊ ပြစ်မှုကျူးလွန်သူမှ မီးခံသေတ္တာအား အလွယ်တကူဖွင့်နိုင်ခဲ့သည်မှာလည်း အိမ်ရှင်ဖြစ်သူအမျိုးသမီးမှ ၎င်း၏ခင်ပွန်းဖြစ်သူမှာ မကျန်းမာသူတစ်ဦးဖြစ်၍ မီးခံသေတ္တာဖွင့်ပါက အလွယ်တကူဖွင့်နိုင်ရန်အတွက် လျှို့ဝှက်နံပါတ်များကို ပြင်ဆင်ပြီး သော့ဖြင့်ဖွင့်နိုင်စေရန် စီစဉ်ထားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ သားမယားအဖြစ် အဓမ္မပြုကျင့်ပြီး ရွှေထည်ပစ္စည်းများနှင့် ငွေများလုယက်ယူဆောင်သူအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အမှုလာရောက်တိုင်တန်းပြီး ၂၇ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ပျောက်ဆုံးခဲ့သည့် သက်သေခံပစ္စည်းများနှင့် ငွေများအားလုံးကို သိမ်းဆည်းရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘဝသံသရာ

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)



၁၉၅၆ ခုနှစ်က ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားကြီး။ နှစ်ပေါင်း ၆၀ နီးပါး ကြာမြင့်ခဲ့လေပြီ။ ဘယ်ခေတ်၊ ဘယ်ကာလရောက်ရောက် ထိုဇာတ်ကား၏ ဂုဏ်သတင်းသည် မှေးမှိန်သွားဖွယ်ရာမရှိ။ တထိန်ထိန် တောက်ပနေမည်သာဖြစ်သည်။ ထိုဇာတ်ကားကို ကြည့်ရှုခံစားခဲ့ရသော ရုပ်ရှင်ချစ်ပရိသတ်များရှိသကဲ့သို့ ကြည့်ရှုခွင့်မရသူများလည်း ရှိသည်။ ယနေ့ခေတ်လူငယ်များ ထိုဇာတ်ကားကို ကြည့်စေချင်သည်။ သို့သော် ကြည့်ရှုနိုင်သည့်အခွင့်အရေးမရနိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ဇာတ်ကားဖလင်များ ယိုယွင်းပျက်စီးသွားသောကြောင့်ဖြစ်သည်။

လောကကြီးသည် အကောင်း၊ အဆိုး ဒွန်တွဲနေ၏။ လူရယ်လို့ဖြစ်လာကြလျှင် ကောင်းတာတွေချည်းဖြစ်ချင်ကြသည်။ မကောင်းတာတွေဘယ်သူမှ မဖြစ်လိုကြ။ ဖြစ်ချင်တာတွေဖြစ်လာတဲ့အခါ ဝမ်းသာပီတိဖြစ်ကြသလို မဖြစ်ချင်တာတွေဖြစ်လာကြတဲ့အခါ ထိခိုက်ကြေကွဲကြရသည်။ လောက၏ သဘာဝကို သိထားလေမှ၊ တစ်နည်းသတိတရားရှိလေမှ တော်ကာကျမည်။ "ဘဝသံသရာ"ဇာတ်ကားတွင် လောကကြီး၏ ဖြစ်ပျက်တတ်သော ဖောက်လွဲဖောက်ပြန်သဘော၊ လောကဓံတရားအရ ကြုံတွေ့ရတတ်သော ငိုခြင်း၊ ရယ်ခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ကို ရှောင်ကြဉ်မရနိုင်ပုံများ၊ သင်္ခါရတရား၏ ဆန်းကြယ်ပုံများကို ရသလည်းမြောက်၊ ဗဟုသုတလည်းရ၊ တရားဓမ္မအနေဖြင့်လည်း ဆင်ခြင်နိုင်ကြစေရန် ရည်သန်၍ ရိုက်ကူးတင်ပြထားရာ ဖျော်ဖြေရေးသက်သက်သာမက လောကကို အကျိုးပြုသည့် ဇာတ်ကားလည်းဖြစ်ပေသည်။

ဇာတ်ကားစတင်ပြသသည်နှင့် ဘဝခရီးကို မီးရထားကြီးအသွင်ဖြင့် တင်စားကာ သံသရာရထားကြီးပေါ်တွင် လူသားအပေါင်းတို့ကို တင်ဆောင်၍ ခုတ်မောင်းရာတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော ဘူတာကြီးများကို မလွဲမသွေဆိုက်ရောက်ကြရမည်။ ရှောင်ကွင်း၍မရ၊ နောက်ခံသီချင်းဖြင့် မြင်သာအောင် ပုံဖော်ထားရာ ထိုသီချင်းကို နားဆင်ရသည်နှင့် ဆိုလိုရင်း အဓိပ္ပာယ် ထင်ရှားပေါ်လွင်သည်။ ဆရာကြီးဦးသုခ ကိုယ်တိုင်ရေး၊ ကိုယ်တိုင် သီဆိုထားသည့် "ဘဝသံသရာ"သီချင်းကို ပဏာမသီချင်းအနေဖြင့် မီးရထားကြီးမောင်းနှင်သွားပုံနှင့် ယှဉ်တွဲကြည့်ရှုရသည်မှာ လွမ်းမောဖွယ်ရာကောင်းသလို သံဝေဂတရားလည်း ရလွယ်၏။ မြန်မာ့ရုပ်ရှင်လောကတွင် ထိုသို့အဆင့်မြင့်ဇာတ်ကားကြီးမျိုး ထပ်မံပေါ်ပေါက်ဖို့ဆိုသည်မှာ လွန်စွာခဲယဉ်းလှပေသည်။

"ဘဝသံသရာ" ဇာတ်ကားကို မန္တလေးရုပ်ရှင်မှ ထုတ်လုပ်ပြီး ဒါရိုက်တာဆရာကြီး ဦးသုခရိုက်ကူးသည်။ မင်းသား ဇေယျ၊ မင်းသမီးမေသစ်၊ အေးကြူ၊ နွဲ့နွဲ့အေး၊ ဒေါ်ဂျမ်းစိန်တို့ ပါဝင်သရုပ်ဆောင်ထားပြီး ၁၉၅၆ ခုနှစ်တွင် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားအကယ်ဒမီထူးချွန်ဆု၊ အကောင်းဆုံး ဒါရိုက်တာ အကယ်ဒမီထူးချွန်ဆုအဖြစ် ဦးသုခ၊ အကောင်းဆုံးအမျိုးသားရုပ်ရှင်ပညာသည်(အကယ်ဒမီ)ဆုအဖြစ် မင်းသားဇေယျတို့ အသီးသီး ရရှိခဲ့ကြသည်။ မြန်မာပြည် တစ်နံတစ်လျားရှိ ရုပ်ရှင်ကြည့်ပရိသတ်များ ထပ်ခါတလဲလဲ ကြည့်ပြန်သော်လည်း အားမရ၊ အကယ်ဒမီငါးဆုရှင် ဒါရိုက်တာဆရာကြီး ဦးသုခ၏ ရုပ်ရှင်အနုပညာစွမ်းရည်မြောက် ဂန္ထဝင်ဇာတ်ကားကြီးတစ်ကား။

ကြည့်ဖူးသူများအတွက် ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ရာ၊ မကြည့်ရှုလိုက်ရသူများအတွက် တွေးယူခံစားနိုင်စေရန် ရည်ရွယ်၍ ဤဆောင်းပါးကို ရေးသားဖော်ပြလိုက်ရပါသည်။ ဇာတ်လမ်းအကျဉ်းချုပ်မှာ မန္တလေးမြို့နေ ကျောင်းဆရာ ကိုသော်က(သုခ)နှင့် မေသစ်တို့သည် မောင်နှမများဖြစ်ကာ တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်ကြသည်။ အဒေါ်ဖြစ်သူဒေါ်အေး(ဒေါ်ဂျမ်းစိန်)က ၎င်းတို့နှင့်အတူနေသည်။ အထက်တန်းကျောင်းသူ မေသစ်သည် တစ်နေ့တွင် စက်ဘီးဖြင့် ကျောင်းမှပြန်အလာ မင်္ဂလာတံတားအရောက်တွင် ဗိုလ်အေးကြူ၏ဂျစ်ကားနှင့် တိုက်မိပြီး မေသစ် ခြေထောက်တွင် ဒဏ်ရာရသွားသည်။ အေးကြူက မေသစ်ကို အိမ်လိုက်ပို့ပေးသည်။

နောက်နေ့များတွင် ဗိုလ်အေးကြူက အချိန်မှန် လာရောက်၍ ပြုစုပေးခဲ့သည်။ လက်ဆောင်များကိုလည်း ဝယ်လာသည်။ အစ်ကိုကြီး ကိုသော်ကမှာ ရိုးသား၍ စည်းကမ်းရှိသူဖြစ်သည်။ နှမကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ သို့သော် မေသစ်နှင့် အေးကြူတို့သည် ချစ်ကြိုက်သွားကြပြီး အစ်ကိုကြီးမသိအောင် ချိန်းတွေ့သည်။ လျှောက်လည်ခဲ့သည်။ ကိုသော်ကမှာ သိသော်လည်း နှမလေးစိတ်ဆင်းရဲမည်စိုး၍ ဘာမျှဝင်မစွက်ဖက်ဘဲ နေခဲ့လေသည်။

တစ်နေ့တွင် အေးကြူသည် တာဝန်အရ ခရီးထွက်ရမည်ဖြစ်ရာ မည်၍မည်မျှကြာမည်ဟု မခန့်မှန်းနိုင်ကြောင်းပြောပြီး အကယ်၍ သူပြန်မရောက်မီ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက သူ၏မိဘများထံသို့သွားပါဟု မှာကြားခဲ့ပြီး ခရီးထွက်သွားတော့သည်။ အချိန်ကြာလာသောအခါ မေသစ်တွင် အေးကြူနှင့် ရရှိလာသော ကိုယ်ဝန်သည် ဖုံးဖိ၍မရနိုင်တော့သည့် အခြေအနေအထိ ရောက်ရှိလာတော့သည်။ အစ်ကိုကြီးသိခဲ့လျှင် ဒေါသဖြစ်မည်စိုး၍ အိမ်မှထွက်ပြေးကာ အေးကြူ၏မိဘများရှိရာသို့ လိုက်သွားခဲ့သည်။ သို့သော် အေးကြူ၏မိဘများက လက်မခံနိုင်ကြောင်း ပြောကာ နစ်နာမှုအတွက် ငွေပေးသည်။ မေသစ်က ထိုငွေများကို လက်မခံဘဲ ထွက်လာခဲ့သည်။

မေသစ်သည် အေးကြူမိဘများက လက်မခံခြင်းကြောင့် အားကိုးရာမရှိတော့သဖြင့် အခက်တွေ့နေစဉ် မြင်းလှည်းသမားဇေယျနှင့်တွေ့ကာ အကျိုးအကြောင်းကို ပြောပြအကူအညီတောင်းခဲ့သည်။ လူပျိုကြီးဇေယျက သူ၏နေအိမ်သို့ ခေါ်သွားခဲ့သည်။ ဇေယျနှင့် မေသစ်တို့သည် မောင်နှမအရင်းကဲ့သို့ နေထိုင်ခဲ့ကြသည်။ တစ်နေ့တွင် ဇေယျက မေသစ်အား သူ့ဘဝနောက်ကြောင်းကို ပြောပြခဲ့သည်။

ဇေယျသည် ဆေးကျောင်းမှ ဆရာဘဝတွင် ကျောင်းသူ နွဲ့နွဲ့အေးနှင့် ချစ်ကြိုက်မိသည်။ နွဲ့နွဲ့အေး၏ မိဘများက သမီးကို ဇေယျနှင့် သဘောမတူကြဘဲ ကျောင်းမှထုတ်ပြီး လူကုံထံ တစ်ယောက်နှင့် လက်ထပ်ပေးစားလိုက်ကြသည်။ သို့သော် အိမ်ထောင်ကျသွားသော နွဲ့နွဲ့အေးသည် ဇေယျကို ဆက်သွယ်ရန် ကြိုးစားခဲ့ပြန်သည်။ ဇေယျသည် ကျောင်းဆရာအဖြစ်မှနုတ်ထွက်ကာ ဆေးခန်းဖွင့်ထားလေသည်။ နွဲ့နွဲ့အေးသည် မကြာခဏ ဆေးခန်းသို့ လာလေ့ရှိသည်။ ဇေယျက ခပ်မှန်မှန်နေခဲ့သော်လည်း တစ်နေ့တွင် နွဲ့နွဲ့အေးက ဇေယျကို အတင်းဖက်ထားစဉ် နွဲ့နွဲ့အေး၏ ယောကျ်ားရောက်လာပြီး မြင်တွေ့သွားသဖြင့် ဆေးကောင်စီသို့ တိုင်ကြားလေသည်။ ထို့ကြောင့် ဆေးကောင်စီက ဆေးကုသခွင့်ကို ရပ်ဆိုင်းပစ်လိုက်သည်။ ဇေယျသည် စိတ်နာပြီး ရှမ်းပြည်နယ်သို့ထွက်ခဲ့သည်။ သူသည် ဇာတ်မြှုပ်နေရင်း မြင်းလှည်းမောင်းနေကြောင်း ဖွင့်ဟပြောပြခဲ့သည်။ မေသစ်သည် တစ်နေ့တွင် ခွေးခြေပေါ်မှ လိမ့်ကျခြင်းကြောင့် ကိုယ်ဝန်ပျက်ကျသွားသည်။ မေသစ်၏ ကျန်းမာရေးကောင်းမွန်လာသောအခါ ၎င်းတို့ နှစ်ဦးတွဲ၍ ဆရာဝန်များ မရောက်ရှိနိုင်သော တောင်ပေါ်ရွာများသို့ သွားရောက်ဆေးကုသရန်ဆုံးဖြတ်ပြီး ရှမ်းပြည်နယ်တစ်ခွင်နှင့် ချင်းပြည်နယ်တို့တွင် နှံ့စပ်အောင် လိုက်လံ၍ စေတနာဖြင့် ကုသပေးခဲ့သည်။

**(ဆက်လက်ဖော်ပြပါမည်။)**

# ရွှေကမ္ဘာလုံးဆုပေးပွဲရဲ့ ကင်မရာနောက်ကွယ်က ဖြစ်ရပ်များ

ကမ္ဘာတစ်ဝန်းက နာမည်ကျော်အနုပညာရှင်တွေ တက်ရောက်ကြပြီး အနုပညာချစ်ပရိသတ်များ အထူးအားပေးကြသော ရွှေကမ္ဘာလုံးဆုပေးပွဲကြီးကို ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါတယ်။ အဲဒီဆုပေးပွဲကြီးနဲ့ ဆုပေးပွဲအပြီးမှာ ပြုလုပ်တဲ့ ပါတီပွဲမှာ အစီအစဉ်ရိုက်ကူးတင်ဆက်သူများ မှတ်တမ်းမတင်လိုက်နိုင်ခဲ့တဲ့ အချို့အဖြစ်အပျက်တွေကို အီးအွန်လိုင်းဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။


ပထမဆုံးအနေနဲ့ ဖော်ပြပေးချင်တာကတော့ "Roar" တေးသီချင်းနဲ့ အောင်မြင်မှုအထွတ်အထိပ်ကို ရောက်ရှိခဲ့တဲ့ ပေါ့ပ်အဆိုတော် ကတ်တီပယ်ရီနဲ့ "Pirates of the Caribbean" ပင်လယ်ဓားပြရုပ်ရှင်ဇာတ်လမ်းတွဲတွေမှာ မင်းသားကြီးဂျော်နီဒပ်နဲ့အတူ တွဲဖက်သရုပ်ဆောင်တဲ့ မင်းသား အော်လန်ဒိုဘလွန်းတို့ရဲ့ ထူးခြားတဲ့ ဆက်ဆံရေးပါပဲ။ သူတို့နှစ်ဦးဟာ တကယ်ကိုရင်းနှီးတဲ့ပုံပေါ်နေပါတယ်။ ဘလွန်းက ပယ်ရီရဲ့ နားနားကိုကပ်ပြီး စကားတွေပြောနေသလို ပယ်ရီကိုယ်တိုင်ကလည်း ပြုံးရွှင်လို့ပါ။ ဒါကြောင့် ဒီလောက်ရင်းနှီးနေတဲ့ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးဟာ ကဗျာတစ်ပုဒ်ကို အစပျိုးလိုက်ခြင်းလားလို့ ရှေ့ဆက်ထွက်ပေါ်လာမယ့် ဇာတ်လမ်းတွေကို ရည်မျှော်ပြီး အေ့စ်ရှူးဘေ့စ်ဒေ့ါကွန်းက တင်စားခဲ့ပါတယ်။

ဟာသသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ အမ်မီကျူမာက နာမည်ကျော်တွေဖြစ်ကြတဲ့ ဘရက်ပစ်နဲ့ ခရစ်စတီန်းဘယ်လီတို့ရှိနေတဲ့ စားပွဲဝိုင်းဆီကို သွားရောက်ကာ ကြယ်ပွင့်တွေနဲ့ မိတ်ဆက်ခဲ့ပါတယ်။ အဲဒီလို ဘရက်ပစ်တို့ရဲ့ စားပွဲရှေ့ကိုရောက်သွားပြီး စကားပြောဖို့ ခေါင်းငုံ့လိုက်တဲ့အချိန်မှာပဲ ပါတီပွဲခန်းမထဲမှာရှိနေတဲ့ မီဒီယာသမားတွေကိုတွေ့ရှိကာ သူ့ကိုဓာတ်ပုံရိုက်ပေးဖို့ လှမ်းအော်ခဲ့ပါတယ်။

အကောင်းဆုံးဂီတနှင့် ဟာသရုပ်ရှင်သရုပ်ဆောင်ဆုကို ရရှိခဲ့တဲ့ မင်းသား မက်ဒေးမွန်ကတော့ ရွှေကမ္ဘာလုံးဆုကို လက်ခံရယူအပြီးမှာ သူ့အတွက် နေရာချထားပေးတဲ့စားပွဲဆီကို ဘီယာပုလင်းကိုကိုင်ကာ ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။

ယခုတစ်ကြိမ်ကျင်းပခဲ့တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးဟာ (၇၃)ကြိမ်မြောက်ဖြစ်ပါတယ်။

**(ခင်ခင်သက်)**



# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၅ - ၁ - ၂၀၁၆ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၉:၃၅ အနုပညာသတင်းအစီအစဉ်
- ၁၀:၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- ၁၁:၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၁၂:၅၀ "လူမှန်နေရာမှန်" (အပိုင်း-၂)
- ၁:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၆၈)
- ၂:၀၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁)
- ၃:၃၅ ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
- ၄:၁၅ WEEKLY SPORTS INFO
- ၄:၃၅ "တိုင်းရင်းသားစုံညီ ချစ်ကြည်ဆင်နွဲ မြန်မာ့ရိုးရာခြင်းနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ"
- ၅:၃၅ Hyper Sports
- ၆:၃၅ The Farmer
- ၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၄၉)
- ၉:၀၀ ပြည်တွင်းသတင်း
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၆၉)
  - -ချစ်သော၍ကမ္ဘာမြေ
  - -သမိုင်းကိုဖော်ပြသော ဝါကျများ "ရုပ်သေးပညာရှင်ကြီး ဦးရဲဒွေးနှင့် တွေ့ဆုံခြင်း"

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆:၀၀ အဖွင့် အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတ အဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁၆)
- ၆:၂၀ ပြည်သူ့နီတိ "အမြင်"
- ၆:၄၀ တေးဂီတအစီအစဉ်
- ၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၄၁)
- ၈:၄၀ မှတ်မှတ်သားသားပုံပြင်များ "မှော်ဝင်ဓား" (ထက်နေချမ်း၊ ဝေယံမင်း၊ စောမြတ်နိုး၊ ဘလိတ်၊ ဟိန်းရှိုင်း) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy))
- ၉:၂၀ "မြင်းမိုရ်ပမာ. . . ညီ" (ဇာတ်သိမ်း)
- ၁၀:၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်ခြင်း၏(၃၆၀)ဒီဂရီ" (ပထမပိုင်း) (လူမင်း၊ နေတိုး၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာ) (ဒါရိုက်တာ-ညီညီထွန်းလွင်)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## မြဝတီ

- ၆:၀၃ တရားတော်
- ၆:၁၅ မေတ္တာပို့
- ၆:၂၀ ဓမ္မပူဇာတေး
- ၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆:၃၅ မျိုးချစ်တပ်မတော်
- ၆:၄၀ မှတ်တမ်း
- ၆:၅၀ မြန်မာသံစဉ်ချိုနားဝင်
- ၇:၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၇:၂၅ အမျိုးသားရေးတေးကဗျာ
- ၇:၃၀ သင့်အတွက်တစ်နေ့တာ
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ စိုက်ပျိုးသုတ
- ၈:၂၅ DVD Hits
- ၈:၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
- ၈:၅၀ မြဝတီနေ့စဉ်သတင်း
- ၉:၂၀ သူနှင့်သူ၏သီချင်းများ
- ၄:၀၆ တစ်ပတ်အတွင်းစီးပွားရေးသတင်း
- ၄:၁၅ မျိုးချစ်တပ်မတော်
- ၄:၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၀ ဇာတ်လမ်းတို
- ၄:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၂၀ လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
- ၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၀၅ အမျိုးသားရေးတေးကဗျာ
- ၆:၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
- ၆:၃၀ " ရွာ" ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၃၅) ဒါရိုက်တာ မိုးဇော်ကို
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ အပိုင်း(၅၈)
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ ဒို့တာဝန်အရေး(၃)ပါး နိုင်ငံတကာသတင်း မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ သံစဉ်များနှင့်ကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် Lucky Door မြဝတီရုပ်မြင်သံကြားသတင်း

## MRTV- 4

- ၅:၀၀ ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
- ၅:၄၀ "မငြိမ်းချမ်းတာဘာကြောင့်လဲ" တရားတော်[ဆရာတော် အရှင်ဥတ္တမ (သစ္စာရွှေစည်ဆရာတော်)]
- ၈:၀၀ "မင်္ဂလာပါ" The Morning Show
- ၁၁:၁၅ Food & Decor
- ၁၁:၄၅ MRTV-4 Stage
- ၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၇)
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၈)
- ၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၂)
- ၆:၁၀ Health Fix
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၃)
- ၇:၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၉)
- ၈:၁၀ ရသစုံညွှန်းတမ်းများ
- ၈:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၉၆)
- ၉:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၈)
- ၁၀:၂၀ World of Knowledge (Japan Tsu nami : How It Happened)
- ၄:၃၅ မန္တလေးမဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး

# ပရီမီယာလိဂ်ဖလားကို အလှမ်းဝေးနေဦးမှာလား အာဆင်နယ်



အာဆင်နယ်နဲ့ လီဗာပူးတို့ ကစားခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ်(၂၁)မှာ တစ်ဖက်သုံးဂိုးစီနဲ့သရေ ဖြစ်ခဲ့တာကြောင့် အာဆင်နယ်အတွက် ရလဒ်ပိုင်း သိပ်ပြီးအဆိုးကြီး မဟုတ်ဘူးလို့ ယူဆနိုင်မှာဖြစ်ပါတယ်။ လီဗာပူးတိုက်စစ်မှူး ဖာမီနိုရဲ့သွင်းဂိုးတွေကြောင့် နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးပေး ခဲ့ရပေမယ့် ရမ်ဆေး၊ ဂီရော့ဒ်တို့က ချေပဂိုးပြန်သွင်းပြီး အာဆင်နယ်ရဲ့ ယခုနှစ် အသင်းလိုက် စိတ်ဓာတ်ပိုင်း မာကျောလာမှုကို သက်သေပြနိုင်ခဲ့ပါတယ်။ ဒုတိယပိုင်း စပြီး ၁၀ မိနစ်မှာ အာဆင်နယ်တိုက်စစ်မှူး ဂီရော့ဒ်က ဦးဆောင်ဂိုးသွင်းခဲ့ပြီး မိနစ် ၉၀ ပြည့်ခါနီးအထိ အနိုင် ရလဒ်ကို ထိန်းထားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် မိနစ် ၉၀ အရောက်မှာ လူစားဝင်ကစားသမား အလန်က လီဗာပူးအတွက် ချေပဂိုးပြန်သွင်းခဲ့လို့ အာဆင်နယ်တို့ အန်းဖီးကွင်းမှာ သုံးမှတ်မရလိုက်ဘဲ သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရတာပါ။

ပွဲပြီးဖို့ သုံးမိနစ်အလိုလောက်မှာ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးဟာ အတောင့်တင်းဆုံးလူအခင်းအကျင်းကို ဆက်လက်ထိန်းထားပေးဖို့ ပျက်ကွက်ခဲ့တာကြောင့် အာဆင်နယ်တို့ရဲ့ လက်ထဲက ရမှတ်နှစ်မှတ်ဆုံးရှုံးရတယ်လို့ ဆိုရမှာပါ။ ဝင်းဂါးက ပွဲချိန်ပြည့်နီးပါးအသင်းကို အကောင်းဆုံး ထိန်းကျောင်းနိုင်ခဲ့ပြီးကာမှ ပွဲပြီးခါနီးမှာ အိုဇေးလ်နေရာ အတီတာ၊ ကမ်းဘဲလ်နေရာ ချိန်ဘာလိန် တို့ကို အလျင်စလို လူစားလဲခဲ့တာကြောင့် ကစားပုံနှေးသွား ခဲ့တဲ့အချိန်မှာ တရစပ်တိုက်စစ်ဆင်လာတဲ့ လီဗာပူးကြောင့် ချေပဂိုး ပြန်ပေးခဲ့ရတာဖြစ်ပါတယ်။ အိုဇေးလ်က အခုပွဲမှာ ခြေစွမ်းသိပ်မကောင်းခဲ့ပေမယ့် ကမ်းဘဲလ်ကတော့ ထိပ်တန်းအဆင့်ခြေစွမ်းပြနေလျက်နဲ့ ချိန်ဘာလိန်နဲ့ လူစားလဲခဲ့တာကြောင့် ဝင်းဂါးရဲ့ဆုံးဖြတ်ချက်က မှားတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။

မန်စီးတီးကအဲဗာတန်နဲ့ ဂိုးမရှိသရေကျနေပြီး မိနစ် ၉၀ မပြည့်ခင်အထိ အာဆင်နယ်ကလည်း အနိုင်ရဖို့ အခြေအနေကောင်းနေတာကြောင့် ဒီနှစ်ပရီမီယာလိဂ်ဖလားကို အာဆင်နယ်သာရတော့မယ်ဆိုတဲ့ အရိပ်အငွေ့ တွေတောင်မြင်တွေ့ခဲ့ရတာပါ။ လက်စတာက စပါးကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပေမယ့် သရေရလဒ်သာရရှိခဲ့တဲ့ အာဆင်နယ်က ဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယား အဆင့်(၁) နေရာကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာဖြစ် ပါတယ်။ ဒီနေရာမှာ လက်စတာကို ဘာလို့ ချန်ပီယံလောင်း စာရင်းထဲမှာ ထည့်သွင်းမစဉ်းစားတာလဲဆိုတာ မေးခွန်း ထုတ်စရာရှိပါတယ်။ လက်စတာလို တန်းတက်အသင်း တွေက ပွဲကြပ်ကာလရောက်ရင် ကစားသမားအင်အား မပြည့်စုံမှု၊ နည်းစနစ်ပိုင်း အားနည်းလာမှု၊ အားကောင်းတဲ့ စီမံခန့်ခွဲမှုတွေ အချိန်နဲ့တစ်ပြေးညီ မလုပ်ဆောင်နိုင်တာ တွေကြောင့် ယူရိုပါလိဂ်ဝင်ခွင့်လောက်နဲ့သာ ရာသီသိမ်း ရလေ့ရှိပါတယ်။

အာဆင်နယ်က ဒီနှစ်ဘောလုံးရာသီမှာ ဝက်စ်ဟမ်း၊ ဝက်စ်ဘရွန်း၊ ချယ်လ်ဆီး၊ ဆောက်သမ်တန်တို့ကို ရှုံးနိမ့်ခဲ့ ပေမယ့် ကစားခဲ့တဲ့ ပွဲတိုင်းမှာ နောက်ဆုံးအချိန်ထိ တိုက်ပွဲ ဝင်စိတ်ဓာတ်ကို မြင်တွေ့ခဲ့ရပါတယ်။အနိုင်ရလဒ်ကနေ သရေ (ဒါမှမဟုတ်) အရှုံးဆိုတာ ကစားပွဲတိုင်းမှာ တွေ့ကြုံနေရမှာဖြစ်ပေမယ့် ချန်ပီယံဖြစ်ချင်တဲ့ အသင်းက ဘယ်လိုအမှားကိုမှ ကျူးလွန်လို့မရပါဘူး။ ဒါကြောင့် အာဆင်နယ်အနေနဲ့ ၂၀၀၄ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ် ချန်ပီယံဖြစ်ချင်တယ်ဆိုရင် ဒီလိုသရေရလဒ်ကလည်း ရှုံးနိမ့်တဲ့ပွဲလိုပဲ အသင်းအတွက် နစ်နာတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ အနိုင်ရသင့်လျက်နဲ့ အနိုင်မယူနိုင်ခဲ့ရင် ချန်ပီယံဆုဆိုတာလည်း အလှမ်းဝေးနေဦးမှာပဲ ဖြစ်ပါ တယ်။ **(မေလှဲ့သင်း)**

## မြန်မာပြည် ချန်ပီယံစိန်ခေါ်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပ သည့် မြန်မာပြည် ချန်ပီယံစိန်ခေါ်ပွဲ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကို ဇန်နဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီမှ စတင်ကာ ရန်ကုန်မြို့ သိမ်ဖြူမြန်မာ့ရိုးရာ လက်ဝှေ့အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ပွဲကြည့်လက်မှတ်များကို ကျပ် ၃၀၀၀၀၊ ကျပ် ၂၀၀၀၀ နှင့် ကျပ် ၁၀၀၀၀ သတ်မှတ်ထားပြီး ပုဇွန်တောင် မြို့နယ် ရေကျော်လမ်းမကြီး အမှတ် ၆၁၊ မြေညီထပ်ရှိ အောင်မြန်မာမိုဘိုင်းနှင့် မန်းနီးချိန်ဂျာ၌ ကြိုတင်ဝယ်ယူ နိုင်ကြောင်း သိရသည်။ **(ကိုချစ်)**

## ပြိုင်ဘက်ကို အကောင်းဆုံး တုံ့ပြန်ခဲ့တဲ့ မက်ဆီ

ဘာစီလိုနာက အက်စ်ပန်ညိုကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့သည့်ပွဲစဉ်၌ အက်စ်ပန်ညို ကစားသမား တစ်ဦးက ဘာစီလိုနာ ထိပ်တန်းတိုက်စစ်မှူး မက်ဆီ အား ရန်စစကားပြောခဲ့သော်လည်း မက်ဆီက ပါးပါး နပ်နပ်ပင် ပြန်လည်တုံ့ပြန်နိုင်ခဲ့သည်ဟု သိရသည်။ အက်စ်ပန်ညိုနောက်ခံလူ ဂွန်ဇာလက်ဇ်က မက်ဆီကို “ခင်ဗျားဟာအတော်ပုတဲ့ လူပဲ”လို့ ပြောရာမှာ မက်ဆီ က “ခင်ဗျားကလည်း အတော်ဆိုးတဲ့လူပဲ” ဟု ချက်ချင်း ဆိုသလိုပင် တုံ့ပြန်ခဲ့သည်။

ဇန်နဝါရီ ၈ ရက်မှာ ကိုပါဒယ်ရေး ပထမအကျော့ ပွဲစဉ်မှာ ဆွာရက်ဇ်ရှာခဲ့တဲ့ ပြဿနာကြောင့် ယခု ဒုတိယအကျော့ ပြန်ကစားတဲ့အချိန်တွင် ပဋိပက္ခ အသွင်ဖြစ်စေဖို့ အက်စ်ပန်ညို ကစားသမားတွေက အားထုတ်ခဲ့ကြခြင်းဖြစ်သည်။ ပထမအကျော့ပွဲစဉ်မှာ အက်စ်ပန်ညို ကစားသမားနှစ်ဦး အထုတ်ခံခဲ့ရပြီး တိုက်ရိုက်အနီကတ်ပြသခံခဲ့ရသော ဒီယော့ပ်က ကွင်းထဲမှ မထွက်ခွာမီ ဆွာရက်ဇ်ကို “ပြည့်တန်ဆာမရဲ့သား”လို့ ပြောခဲ့တာကြောင့် ဆွာရက်ဇ်က မကျေနပ်ဘဲ ပွဲအပြီး စောင့်ကာ ပဋိပက္ခအသွင်ဖြစ်စေဖို့ စိန်ခေါ်ကာ ရန်စခဲ့ ခြင်းဖြစ်သည်။

ဒီဖြစ်ရပ်ကြောင့် ဆွာရက်ဇ် နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရပြီး ယခု ဆွာရက်ဇ်နေရာတွင် ဝင်ကစားသော အဲလ်ဟက်ဒါဒီ၏ သွင်းဂိုးနှစ်ဂိုးနဲ့အတူ ဘာစီလိုနာက နှစ်ကျော့ပေါင်း ခြောက်ဂိုး-တစ်ဂိုး ရလဒ်ဖြင့် ကွာတား ဖိုင်နယ်အဆင့်သို့ တက်ရောက်သွားနိုင်ခဲ့ပြီဖြစ်သည်။ နည်းပြအန်းနရစ်က ဘာစီလိုနာ ဒါဘီပွဲစဉ်အတွက် နေမာ၊ အင်နီယေစတာ၊ ဘက်စကွက်နှင့် ပီကေးတို့ကို အနားပေးထားခြင်းကြောင့် အက်စ်ပန်ညို ကစားသမား တွေက ဘာကာတိုက်စစ်မှူး မက်ဆီကိုသာ ပွဲချိန်ပြည့်နီးပါး အဓိကပစ်မှတ်အဖြစ် ထိန်းချုပ်ရန်ကြိုးစားခဲ့ခြင်း ဖြစ်သည်။

သို့သော် မက်ဆီက ဆွာရက်ဇ်ကဲ့သို့ ဒေါသဖြင့် မတုံ့ပြန်ခဲ့ဘဲ ခေါင်းအေးအေးဖြင့်သာ တုံ့ပြန်ခဲ့ခြင်း ကြောင့်. . . ။

**(မေလှဲ့သင်း)**

## ဂျူဗင်တပ်တို့ အူဒီးနီးစ်ကို ရှုံးကြေးပြန်ဆပ်မယ့်

### စီးရီးအေစရင်ခုနှစ်သံ – ၂၀

*အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၂၀ ကို လာမယ့်ဇန်နဝါရီ ၁၆၊ ၁၇၊ ၁၈ နေ့တွေမှာ ဆက်လက်ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်ဟာ ဒီရာသီစီးရီးအေပြိုင်ပွဲရဲ့ဒုတိယရာသီဝက် အစပွဲဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလို ပထမအကျော့တုန်းကရှုံးပွဲကြုံခဲ့ တဲ့ ဂျူဗင်တပ်တို့ အူဒီးနီးစ်ကို ရှုံးကြေးပြန်ဆပ်နိုင်မလားစောင့်ကြည့်ရပါလိမ့်မယ်။*

**ရှိုင်းမင်းမင်း**



**အတ္တလန္တာ-အင်တာ ည ၈း၃၀ (၁၆-၁-၁၆)**

ပထမအကျော့မှာတုန်းက အင်တာမီလန်ဟာ အတ္တလန္တာကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရပြီး တစ်ဂိုးတည်းနဲ့ သာကပ်နိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ အင်တာမီလန် ရဲ့ခြေက ကောင်းမွန်နေပေမယ့်လည်း အတ္တလန္တာက အိမ်ကွင်းခြေ ကောင်းမွန်တဲ့အသင်းဖြစ်ပါတယ်။ ဒီပွဲ လည်း အင်တာကပ်ပြီးပဲ အနိုင်ရမှာပါ။

**တိုရီနို-ဖရိုစီနိုနီ ည ၁၁း၃၀ (၁၆-၁-၁၆)**

တန်းတက်အသင်းဖြစ်တဲ့ ဖရိုစီနိုနီဟာ ပထမ အကျော့အဖြစ် အိမ်ကွင်းမှာ ကစားခဲ့တုန်းကလည်း ရှုံးပွဲကြုံခဲ့ရပါတယ်။ လက်ရှိအချိန်မှာလည်း ဖရိုစီနိုနီဟာ ခြေစွမ်းပိုင်းအားနည်းပြီး အခုအချိန်အထိ အဝေးကွင်း နိုင်ပွဲလုံးဝမရရှိသေးပါဘူး။ အိမ်ကွင်းကစားပုံကောင်းတဲ့ အပြင် တိုရီနိုကသာ နိုင်ပွဲရယူသွားနိုင်မှာပါ။

**နာပိုလီ-ဆာစူအိုလို နံနက် ၂း၁၅ (၁၇-၁-၁၆)**

ပထမအကျော့တုန်းက နာပိုလီတို့ ဆာစူအိုလိုကို ရှုံးနိမ့်ထားခဲ့ပါတယ်။ ဒါကြောင့် နာပိုလီဟာ အခု အိမ်ကွင်းပွဲစဉ်မှာ ရှုံးကြေးပြန်ဆပ်နိုင်ဖို့ အားစိုက်ကစား လာမှာပါ။ နာပိုလီဟာ ခြေစွမ်းကောင်းမွန်နေသလို အိမ်ကွင်းပွဲစဉ်တွေမှာ ရှုံးပွဲမရှိသေးတဲ့အထိ ပိုမိုထက် မြက်တတ်ပါတယ်။ နာပိုလီပဲ ရှုံးကြေးပြန်ဆပ်နိုင်မှာပါ။

**ဂျီနိုအာ-ပါလာမို ည ၆း၀၀ (၁၇-၁-၁၆)**

ပထမအကျော့တုန်းက ဂျီနိုအာကို အဝေးကွင်းမှာ ရှုံးပွဲနဲ့ရင်ဆိုင်ခဲ့ရတာကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲပြန်ရရေး အားစိုက်လာဖို့ရှိပါတယ်။ ဂျီနိုအာဟာ အိမ်ကွင်းပွဲစဉ် တွေမှာဆိုရင်လည်း ကစားပုံပိုမိုပြီးကောင်းမွန်တတ်လို့ လက်ရှိခြေစွမ်းပိုင်းမတည်ငြိမ်တဲ့ ပါလာမိုကို အိမ်ကွင်း မှာ ထိန်းချုပ်သွားနိုင်မှာပါ။ ဂျီနိုအာပဲ ကပ်နိုင်မယ်။

**ချီယေဗို-အမ်ပိုလီ ည ၈း၃၀ (၁၇-၁-၁၆)**

ချီယေဗိုဟာ ပထမအကျော့အဖြစ် အဝေးကွင်းမှာ ကစားခဲ့ရတာတောင် အမ်ပိုလီကို ဂိုးပြတ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ အမ်ပိုလီရဲ့ ခြေက ကောင်းမွန်မှုရှိနေပြီး အဝေးကွင်းပွဲစဉ်တွေမှာပါ ခြေတည်ငြိမ်တတ်တာတွေ့ရပါတယ်။ ဒါကြောင့် ချီယေဗို တို့ ဒီပွဲမှာတော့ သရေလောက်ပဲ ကစားသွားနိုင်မှာပါ။

**ရိုးမား-ဗီရိုနာ ည ၈း၃၀ (၁၇-၁-၁၆)**

ဗီရိုနာဟာ အမှတ်ပေးဇယားအောက်ဆုံးကအသင်းပါ။ လက်ရှိအချိန်မှာ တန်းမဆင်းရဖို့ ပွဲတိုင်းအားစိုက်ကစား နေတယ်ဆိုပေမယ့် ရိုးမားကိုတော့ ယှဉ်ကစားနိုင်ဖို့ မလွယ် ပါဘူး။ ရိုးမားခြေစွမ်းပိုင်းက အနည်းငယ်ကျဆင်းနေပေ မယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးကာအနိုင်ကစားသွား နိုင်မှာ သေချာနေပါတယ်။

**အူဒီးနီးစ်-ဂျူဗင်တပ် ည ၈း၃၀ (၁၇-၁-၁၆)**

ပထမအကျော့တုန်းက ဂျူဗင်တပ်ဟာ အိမ်ကွင်းမှာ ကစားခဲ့ရတာတောင် အူဒီးနီးစ်ကို ရှုံးပွဲကြုံတွေ့ခဲ့ရပါ တယ်။ ဒါပေမယ့် အခုနောက်ပိုင်းမှာတော့ ဂျူဗင်တပ်ရဲ့ ခြေကအတော်ကလေးကောင်းမွန်နေပါတယ်။ ဒါကြောင့် အူဒီးနီးစ်တို့ခြေစွမ်းပိုင်းကောင်းမွန်နေသလို အိမ်ကွင်း ဖြစ်ပေမယ့်လည်း ဂျူဗင်တပ်ကသာ ကပ်နိုင်သွား မှာပါ။

**ဘိုလော့နာ-လာဇီယို ည ၈း၃၀ (၁၇-၁-၁၆)**

ဘိုလော့နာခြေစွမ်းပိုင်းက မဆိုးဘူးလို့ဆိုနိုင်ပါ တယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ဘိုလော့နာ ရဲ့ တိုက်စစ်က ဂိုးသွင်းခြေပိုထက်မြက်ပါတယ်။ လာဇီယို ကတော့ အခုနောက်ပိုင်းကစားပုံပြန်လည်ပြီး ကောင်းမွန် လာပေမယ့် အိမ်ကွင်းပွဲစဉ်တွေမှာလောက် အဝေးကွင်း မှာ ခြေစွမ်းပိုင်းကောင်းမွန်မှုမရှိတတ်ပါဘူး။ သရေ ကျမယ့်ပွဲပါ။

**ကာပီ-ဆမ်ဒိုးရီးယား ည ၈း၃၀ (၁၇-၁-၁၆)**

ဆမ်ဒိုးရီးယားရဲ့ခြေစွမ်းပိုင်းက အခုနောက်ပိုင်း ကစားပုံထက်မြက်မှုရှိလာတာ တွေ့ရပါတယ်။ အဝေးကွင်း နောက်ဆုံးပွဲစဉ်မှာ ဂျီနိုအာကို အနိုင်ကစားနိုင်ခဲ့သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ကာပီက တော့ ခြေစွမ်းပိုင်းအားနည်းမှုတွေများနေတဲ့ အသင်းပါ။ ဆမ်ဒိုးရီးယားပဲအနိုင်ရမယ်။

**မီလန်-ဖီအိုရင်တီးနား နံနက် ၂း၁၅ (၁၈-၁-၁၆)**

ဒီရာသီမှာ ဖီအိုရင်တီးနားရဲ့ခြေစွမ်းပိုင်းကကောင်း မွန်နေပါတယ်။ အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်ကစားပုံ ထင်သလောက်မတည်ငြိမ်ပေမယ့် အေစီမီလန်ရဲ့ တိုက်စစ်ကလည်း ထင်သလောက်မတည်ငြိမ်ပါဘူး။ ပထမအကျော့တုန်းကတော့ အေစီမီလန်ကို ရှုံးပွဲ ကြုံတွေ့ခဲ့ရပြီး ဒီပွဲမှာလည်း ဖီအိုရင်တီးနားတို့ အနိမ့်ဆုံး သရေရမှာပါ။

ဖတ်စရာ

# လေ့လာစရာမကုန်နိုင်သော မန္တလေးမြို့တော်



**à သန်းဇော်မင်း(ပြန်/ဆက်)**

မန္တလေးမြို့ကို ၁၂၂၁ ခု (အောင်ကျော်ချမ်းအေး၊ မန္တလေး) နှစ်တွင် မင်းတုန်းမင်းကြီး တည်ထောင်ခဲ့သည်။

(၁) ရွှေမြို့တော်ကြီး၊
(၂) ကျုံးတော်၊
(၃) လောကမာရဇိန်စေတီ၊
(၄) သိမ်တော်ကြီး၊
(၅) မဟာအတုလ ဝေယံကျောင်း၊
(၆) ပိဋကတ်တိုက်တော်၊
(၇)သုဓမ္မာဇရပ်တို့ကို တစ်ပြိုင်နက် အုတ်မြစ်ချ၍ တည်ခဲ့သည်။

အရှေ့ဘက်တွင် အရှေ့ရှမ်းရိုးမတောင်တန်း၊အနောက်ဘက်တွင် ဧရာဝတီမြစ်၊ မြောက်ဘက်တွင် မန္တလေးတောင်တော်နှင့် သခင်မတောင်၊ တောင်ဘက်တွင် ဦးပိန်တံတားနှင့် တောင်သမန်အင်း အစရှိသည့် သမိုင်းဝင်နေရာများနှင့် သာယာလှပသော ရေမြေတောတောင် သဘာဝအလှတရားများ ဝန်းရံထားသော မန္တလေးမြို့တော်သည် မြန်မာပြည်သူပြည်သားများသာမက ကမ္ဘာလှည့်ခရီးသွားများပါ ဆွဲဆောင်နိုင်သော မြို့တော်လည်းဖြစ်သည်။

မြန်မာယဉ်ကျေးမှုအနုပညာလက်ရာများ၊ ရှေးဟောင်းစေတီပုထိုးများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ထင်ရှားကျော်ကြားသော တန်ခိုးကြီးဘုရားများ ပြည့်နှက်လျက်ရှိသော မန္တလေးမြို့တော်သည် လေ့လာ၍ မကုန်နိုင်သော နေရာများစွာရှိသည်။

ရှေးဘုရင်မင်းများ နောက်ဆုံးနန်းစိုက်ခဲ့ပြီး မန္တလေးမြို့ရှိ ထင်ရှားကျော်ကြားသောနေရာများမှာ ရွှေနန်းတော်ကြီး၊ နန်းမြို့ရိုးနှင့် ကျုံး၊ မဟာမုနိဘုရားကြီး၊ မန္တလေးတောင်တော်၊ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား၊ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)၊ ကျောက်တော်ကြီးဘုရား၊ အောင်တော်မူဘုရား၊ အိမ်တော်ရာစေတီ၊ မဟာသကျသီဟရုပ်ပွားတော်မြတ်ကြီး၊ ဦးပိန်တံတားနှင့် တောင်သမန်အင်း၊ စွယ်တော်မြတ်စေတီ၊ ကမ္ဘာ့ပထမဦးဆုံးကျောက်စိမ်းစေတီ၊ ဧရာဝတီမြစ်အရှေ့ဘက်ရှိ ပေါ်တော်မူဘုရားငါးဆူ၊ ဈေးချိုတော်နှင့် နာရီစင်ကြီး၊ မန္တလေးမြို့တောင်ဘက် အင်းဝဒေသရှိ ရှေးဟောင်းစေတီပုထိုးများနှင့် ရှေးဟောင်းအဆောက်အအုံများ၊ ပုသိမ်ကြီးမြို့နယ်ရှိ ရန်ကင်းတောင်နှင့် ရေတံခွန်တောင် အစရှိသောနေရာများ နှင့်အခြားစိတ်ဝင်စားဖွယ်နေရာများစွာ လေ့လာလည်ပတ်နိုင်သည်။

မန္တလေးမြို့တွင် ရှေးခေတ်အစဉ်အဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာသော မြန်မာပန်း ၁၀ မျိုး အတတ်ပညာများကိုလည်း လေ့လာနိုင်သည်။ ပန်းချီ၊ ပန်းပု၊ ပန်းတည်း၊ ပန်းရံ၊ ပန်းပဲ၊ ပန်းထိမ်၊ ပန်းပွတ်၊ ပန်းယွန်း ၊ ပန်းတော့၊ ပန်းတမော့ အစရှိသောပညာရပ်များဖြစ်သည့် အမရပူရမြို့နယ်ရှိ ယက်ကန်းလုပ်ငန်းများ၊ ဘုရားကြီးအနောက်ဘက် ကျောက်ဆစ်လုပ်ငန်းများ၊ မျက်ပါးရပ်ရှိ ရွှေဆိုင်းလုပ်ငန်းများ၊ တမ္ပဝတီရပ်ရှိ ကြေးသွန်း၊ ကြေးခတ်လုပ်ငန်းများ၊ ပန်းပုလုပ်ငန်းများနှင့် ပန်းချီပညာရပ်များ အစရှိသော မြန်မာ့ရိုးရာလက်မှုပညာရပ်များ လေ့လာနိုင်ပြီး မန္တလေးတောင်ပေါ်မှ နေဝင်ဆည်းဆာအလှများ၊ ညပိုင်းချိန်ခါ၌ နန်းမြို့ရိုးနှင့်ကျုံး၊ ရေပန်းအလှများ ခံစားနိုင်သလို ရှေးဟောင်းဗိသုကာလက်ရာများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများစွာ လေ့လာနိုင်သော မန္တလေးမြို့တော်အား ပြည်တွင်းပြည်ပခရီးသွားများအတွက် အထူးဆွဲဆောင်လျက်ရှိရာ လေ့လာမကုန်နိုင်သော မြို့တော်ဖြစ်ကြောင်း သိရသည်။ ။

## မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**နတ်တလင်း ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မဈေးကြီးတွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှု အခြေအနေကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမှ တာဝန်ရှိသူများပူးပေါင်း၍ စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းအဖွဲ့မှ ဈေးအတွင်း မီးသုံးစွဲဆိုင်များ၊ စားသုံးဆီအရောင်းဆိုင်များနှင့် အခြားမီးဘေးစိုးရိမ်ရသောဆိုင်များကို စစ်ဆေးအကြံပြုခြင်း၊ မီးချိတ် မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကား၊ ရေလှောင်ကန်အခြေအနေများ၊ အရေးပေါ်မီးငြိမ်းသတ်ရန် မီးသတ်ဆေးဘူးများနှင့် ဈေးသူ၊ ဈေးသားများအသုံးပြုနိုင်ရန် လက်တွေ့ပြသပေးခြင်းစသည့် ဈေးအတွင်းမီးလောင်မှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ကြရန် လိုက်လံစစ်ဆေးအကြံပြုခဲ့ကြောင်း သိရသည်။ **(၀၇၁)**

## မီးဘေးအန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြော

**ခရမ်း ဇန်နဝါရီ ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မြို့မရဲစခန်းတွင်မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၁၂ ရက် နံနက် ၁၁ နာရီက ခရမ်းမြို့မရဲစခန်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးခင်စိုးနှင့် နယ်မြေစခန်းမှူးများ၊ ကင်းမှူးများ၊ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရမ်းမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုအမျိုးမျိုးတို့အား မီးငြိမ်းသတ်မှုအဆင့်ဆင့်နှင့် မီးသတ်ဆေးဘူးအမျိုးအစားအလိုက် အသုံးပြုပုံများ၊ မီးသတ်ကားဖြင့် မီးငြိမ်းသတ်မှုများကို ရဲတပ်ဖွဲ့ဝင်များအား လက်တွေ့သရုပ်ပြသခဲ့သည်။

မြို့မရဲစခန်းရှိ မိသားစုဝင်လိုင်းခန်းများတွင် မီးသက်ဆေးဘူးများထားရှိမှု၊ မီးချိတ် မီးကပ်များ၊ ရေအိတ်သဲအိတ်များ ထားရှိမှုနှင့် မီးငြိမ်းသတ်နိုင်ရန် ရေသိုလောင်ထားရှိမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

**ဂျပန်နိုင်ငံသို့ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း**

- ဂျပန်နိုင်ငံ နှင့် ထိုင်းနိုင်ငံရှိတက္ကသိုလ်သို့ 100% Scholarship ဖြင့်တက်ရောက်လိုသူများ
- ဂျပန်နိုင်ငံရှိ Language School နှင့် နည်းပညာတက္ကသိုလ် သို့ကျောင်းလျှောက်လိုသူများ
- အလုပ်ဗီဇာဖြင့် သွားရောက်လိုသူများ

Better Life Education & Career Supporting Centre
NO. (410~411),4th FL, La Pyayt Wun Plaza Dagon Tsp,Yangon.
Ph: 01 382529, 09 250649545

**ဖိတ်ကြားခြင်း**

ဒုတိယရဲအုပ်လောင်းအရာရှိ သင်တန်းအမှတ်စဉ် (၁၅)၏ (၃၃)ကြိမ်မြောက်နှစ်ပတ်လည်နေ့ မိတ်ဆုံညစာစားပွဲကို ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ၁၈း၀၀ နာရီမှ ၂၁း၀၀နာရီအထိ M3 စားသောက်ဆိုင်၌ ပြုလုပ်မည်ဖြစ်ပါ၍ (၁၅)ဆင်း သူငယ်ချင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**ဒုတိယရဲအုပ်လောင်း အရာရှိသင်တန်း အမှတ်စဉ်(၁၅)**
**လူမှုရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

မရမ်းကုန်းမြို့နယ်ရှိ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတွင် Recreational Therapy Center ကို အဆင့်မြင့် Training Center အဖြစ် ပြန်လည်မွမ်းမံရန်အတွက် လုပ်ကိုင်ဆောင်ရွက် လိုသူ (ပြည်ထောင်စုမြန်မာနိုင်ငံသားများ)ထံမှ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါပုံစံများကိုတစ်စုံလျှင် -၅၀၀၀ိ/-(ကျပ်ငါးထောင်)နှုန်းဖြင့် ဆေးရုံအုပ်ကြီး(ရုံးခန်း)တွင် ဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| တင်ဒါစတင်လက်ခံမည့်နေ့ရက် | - ၁၂-၁-၂၀၁၆ရက်(အင်္ဂါနေ့) |
| တင်ဒါပိတ်မည့်နေ့ရက် | - ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၄း၀၀နာရီ |
| တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - ၂၇-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၀နာရီ |

အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ကာလ(ရုံးချိန်အတွင်း) ဆေးရုံအုပ်ကြီး(ရုံးခန်း)သို့ အရောက်ပေးပို့ရမည်။ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် (ရုံးချိန်အတွင်း)စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ**
**ဖုန်း-၀၁-၆၆၀၇၁၅**

**ဒေါ်အချီးမား(ခ)ဒေါ်အမာကြည်(ISN-208940)နှင့် အများသိစေရန်**

ကျွန်ုပ်၏မိတ်ဆွေဒေါ်စန်းသီး(ဘ)ဦးဗိုရိုင်ဗေလူးဆွန်ဒါရာချ်၏ ခင်ပွန်းဖြစ်သူ ဦးဘာဘူမှာ (၂-၈-၂၀၁၅)ရက်တွင် ကွယ်လွန်ပြီးနောက် မော်တော်ယာဉ်အမှတ်(၅ဃ/၆၄၁၉) (TOYOTA-VIT) အမျိုးအစားကား(၁)စီးနှင့် စာရွက်စာတမ်းများ၊ ဒေါပုံကမ္ဘောဇဘဏ်ခွဲရှိ ဘဏ်စာရင်းအမှတ်-၁၁၀၁၂၁၀၀၃၅၆၀၄ (U BAR BUU, KBZ BANK 321828)ဖြင့် ငွေကျပ်(၅၃၃၅၂၆၆/၆၇) ကျပ် စုဆောင်းထားသည့်ဘဏ်စာအုပ်၊ ရွှေဂုံတိုင်ကမ္ဘောဇဘဏ်ခွဲရှိ ဘဏ်စာရင်းအမှတ်-၀၀၇၃၀၁၀၀၇၀၃၆၆၆၂၀၁၊ (U BAR BUU, KBZ BANK 102124) ဖြင့် ငွေကျပ်(၁၁၂၀၃၄၀) ကျပ် စုဆောင်းထားသည့်ဘဏ်စာအုပ်နှင့် ဦးဘာဘူ၏ သေစာရင်းမူရင်း၊ မှတ်ပုံတင်မူရင်း၊ သန်းခေါင်စာရင်းမူရင်းတို့မှာ မိခင်ဖြစ်သူ ဒေါ်အချီးမား(ခ)ဒေါ်အမာကြည် လက်ဝယ်တွင် ကျန်ရှိနေပါသည်။

အထက်ပါပစ္စည်းများကို ၂၅-၄-၂၀၁၄ရက်စွဲပါ ဦးဘာဘူ၏သေတမ်းစာအရလွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ထုတ်ယူခြင်း၊ အမည်ပြောင်းခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စန်းသီး** | **ဒေါ်ထူးထူးမြတ်** |
| **PYU-၁၄၃၁၀၂** | **အထက်တန်းရှေ့နေ(စဉ်-၃၅၇၉၃)** |
| | **အမှတ်-၁၇၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်မြို့။** |
| | **ဦးချမ်းမြေ့ဝင်း(အထက်တန်းရှေ့နေ) (စဉ်-၄၃၄၄၅)** |
| | **အမှတ်၂ ဖွံ့ဖြိုးရေး(၅)လမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့** |

**အထူးလိုက်လှဲစွာကျေးဇူးတင်ရှိခြင်း**



ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော "မီးဖိုချောင်သုံးအစားအစာများနှင့် ကျန်းမာရေး" စာအုပ်ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ထွက်ရှိသည်နှင့် တစ်ပြိုင်နက် စာအုပ်အရောင်းဆိုင်များတွင် ပစ္စည်းပြတ်လပ်သည်အထိ ဝယ်ယူအားပေးဖတ်ရှုကြသော ကျန်းမာသုတ စာဖတ်ပရိသတ်များနှင့် အိမ်ရှင်မအမျိုးသမီးထုအားလုံး၊ ကြိုတင်အော်ဒါများနှင့် အမှာစာများ အဆက်မပြတ်ပေးပို့ကြသော အမြို့မြို့အနယ်နယ်ရှိ စာအုပ်အရောင်းဆိုင်ကြီးများမှ တာဝန်ရှိသူများကို FAME Publishing House မှ အထူးပင်လိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

FAME Publishing House
အမှတ် (၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန် (၃)၊ လှိုင်သာယာစက်မှုမြို့၊ ရန်ကုန်။
Ph : 01-682199, 685083, 685609 Fax : 95-1-680122
www.famepharma.com, FAME Pharmaceuticals

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

**လောကမာန်နိုမ်ဘုရား**

နန်းတော်ရှေ့ အနိုပ်တော်ရပ် အကွက်(၃)၊ ၁၉ လမ်း နန်းရှေ့ဈေးသစ်ကြီးတောင်ဘက် ဓမ္မာရုံနှင့် လောကမာန်နိုမ်စေတီ တည်ရှိသည်။ ၁၂၄၄ ခုနှစ် သီပေါမင်းလက်ထက် ဇမ္ဗူမျက်ရှင် (ပြည်ကြီးမျက်ရှင်) ရပ် အောင်တော်မူဘုရား (ခေါ်) မဟာလောကရန်နိုမ်ဘုရားနှင့် တစ်ပြိုင်တည်း အမြောက်သံကြားတည်သည့်ဘုရားဟု ယုံကြည်ကြသည်။

ကျောက်စာမရှိချေ။ သီပေါမင်း၏ ယတြာဘုရားဟု အဆိုရှိသည်။ စုဖုရားလတ်၏ လောကတန်ဆောင်ဘုရား အပါအဝင် ဤစေတီသုံးဆူမှာ နန်းတော်ရှေ့ တောင်မြောက်တန်းလျက်တည်ထားပြီး လောကတန်ဆောင်မှာ မဟာလောကရန်နိုမ်နှင့် တစ်ချိန်တည်း တည်သည့်ဘုရားဟု သမိုင်း၌ တွေ့ရသည်။ မန္တလေးတောင်အရှေ့ အာရုံခံဥယျာဉ် အတွင်း တည်ခဲ့သည်ဟု စာထဲ၌သာ တွေ့ရတော့သည်။ လောကမာန်နိုမ်ဘုရားမှာ ရွှေနန်းတော်ဘက် မုခ်ဦးလှည့်ထားသည်။

နန်းတော်ရှေ့ ဒေါနဘွားရပ်၊ အကွက်(၁၅)မြောက်ဘက်ဝင်းများတွင် ရှေးအခါက ဘုရင့်အမှုထမ်း ကသည်းလူမျိုးများ နေထိုင်ခဲ့ကြသဖြင့် ကသည်းတန်းဟု အခေါ်အဝေါ်ရှိခဲ့၏။ ကသည်းလူမျိုးများသည် ဘုရင့်အမှုထမ်း၊ အရာထမ်းများ ဖြစ်သည့်အတိုင်း မြေခွန်မြေခပေးဆောင်ရန်မလို၊ အခလွတ် နေထိုင်ကြရသူများ ဖြစ်၏။ ၎င်းတို့တွင် အချို့ ကသည်းစကားပြောဆိုတတ်ကြသည်ဟု ရှေ့မီနောက်မီ လူကြီးသူမများ မှတ်သားအချက်အရ သိရ၏။ အထူးသဖြင့် ပုဏ္ဏားစကားများလည်း ပြောဆိုတတ်ကြောင်းဖြင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်သန်း ပြောပြခဲ့ဖူးသည်ကို မှတ်ရ၏။

ကသည်းတန်းမှ အသက် ၈၄ နှစ် အရွယ်ရှိ ဒေါ်ကြည်ဆိုသူကို သိမီလိုက်သည်။ ကသည်းလူမျိုးများသည် တစ်နှစ် တစ်ကြိမ် ဆန်သစ်နတ်တင်ပွဲများ ကျင်းပလေ့ရှိ၏။ နတ်လဟု အဆိုရှိသည့် နတ်တော်လထဲ၌ ကျင်းပကြ၏။ ဟိန္ဒူ လူမျိုးများသည်လည်း ထိုလ၌ ကောက် သစ်ပွဲ ပြုလုပ်ကြ၏။ နတ်တင်ရာ၌ ကြံ၊ ပဲစိမ်းစား၊ ထန်းပင်မြစ်စသည့် သီးနှံများ တင်လေ့ရှိ၏။ မီးနှင့်ပြုလုပ်သည့် စားသောက်ဖွယ်ရာ တင်လေ့မရှိ၊ ငှက်ပျောဖီးများကို တင်လေ့ရှိပြီး ကသည်းလူမျိုး ဗုဒ္ဓဘာသာဝင်များ၏ ဓမ္မာရုံလည်းရှိခဲ့၏။

ကသည်းလူမျိုးသည် ပုဏ္ဏားလူမျိုးနှင့် အနီးစပ်ဆုံးဖြစ်၏။ ကသည်းတို့၏ မူလသည် ကချာနယ်ဖြစ်သည်။ ကချာနယ်သည် အိန္ဒိယနှင့် ရခိုင်ပြည်နယ်ကြားရှိသည်။ ကချာနယ်သူနယ်သားများကို ကဆာရီဟုလည်း ခေါ်သည်။ ကဆာရီမှ 'ကသည်း'ဟု တွင်လာသည်။ ဘာသာရေးထုံးစံကား ပုဏ္ဏားလူမျိုးများနှင့် တူသည်။

**ကသည်းမြင်းတပ်**

မင်းတုန်းမင်းခေတ်က နန်းတော်ရှေ့၌ ကသည်းမြင်းတပ် နေရာချထားသည်။ မြင်းတပ်ကိုးတပ်ရှိသည်။ စကျင်ဝ၊ စစ်ကိုင်း၊ အနောက်ဓမ္မံ၊ ဒွါလောင်း(တောင်)၊ ဒွါလောင်း(မြောက်)၊ အနိုပ်တော်၊ နောက်တိုး၊ မြင်းတန်း(ဝါ) ရွှေတန်း၊ ရွာသစ်(ဝါ)ကွက်သစ်တို့ဖြစ်၏။

**ဖောင်တော်ဦးရပ်**

ရှေးခေတ်က နန်းတော်ရှေ့တွင် မြို့တည်၊ နန်းတည် မင်းတုန်းမင်းတရားကြီးသည် ယာယီနန်းဖြင့်လည်း စံခဲ့ဖူးသည်။ မန္တလေးတောင်ခြေမှ စန္ဒာမုနိဘုရားသည် မင်းတုန်းမင်း၏ နယ်မြေဘုံသာစံနန်းတော်နေရာဖြစ်သည်။ ဤစံနန်းတော်၌ ယာယီစံမြန်းတော်မူစဉ် ၁၂၂၈ ခုနှစ်၌ မြင်ကွန်း၊ မြင်းခုံတိုင်တို့အရေးကြုံခဲ့၏။ ကနောင်မင်းသားကြီးတို့ ကံကုန်ခဲ့ရသည်ကို စေတီတော်ခြေရင်း၌ ကမ္ပည်းရေးထိုးထားသည်ကို ဖတ်ရှုနိုင်ကြ၏။ ထို့နောက် မင်းတုန်းမင်းဘုရင်က စန္ဒာမုနိဘုရားကို တည်ထားခဲ့သည်။ စန္ဒာမုနိဘုရားမှာ ရုပ်ပွားတော်ကို ဆိုလိုခြင်းဖြစ်သည်။ စေတီပေါက်ကို ဆိုလိုခြင်းမဟုတ်ပေ။

မင်းတုန်းမင်းသည် ဤယာယီစံနန်းမှ ဘုရားတည်၊ ကျောင်းဆောက်သည်။ မဟာနဒီသို့လည်း ထွက်တော်မူသည်။ မဟာနဒီမြောင်အတိုင်း ဖောင်တော်ဖြင့် လှည့်လည် တော်မူသည်။ နန်းရှေ့ဖောင်တော်ဆိုက်ကပ်ရာအရပ်၌ ဖောင်တော်ရပ်ဟု ယခုတိုင်တွင်လျက်ရှိသည်။ ယခုအခါ ဖောင်တော်ဦးပရဟိတကျောင်းတိုက်အဖြစ် ထင်ရှားသည်။ ဖောင်တော်ဦးစေတီမှာ ဘုရင့်လှေတပ်မှ ဇင်းမယ်တပ်မှူးတစ်ဦးက ဥယျာဉ်တော်အတွင်း ဖောင်တော်ဆိုက်ကပ်ရာ ရည်မှန်း၍ ဘုရားတည်ထားခြင်းဖြစ်သည်ဟု အဆိုရှိသည်။ ဇင်းမယ်မှ ထိုင်းလူမျိုးများ လာရောက်ပူဇော်မှုရှိသည်။

**မြောက်ပြင်ဥပုသ်တော်ရပ်**

အောင်မြေသာစံမြို့နယ်အတွင်း ရပ်ကွက်ကြီးတစ်ခုဖြစ်သည့် ဥပုသ်တော်ရပ်ကွက်သည် နန်းမြို့ရိုး၏ မြောက်ဘက်ရပ်ကွက်များ ပါဝင်သည်။ မန္တလေးတောင်သည်လည်း ဥပုသ်တော် ရပ်ကွက်အတွင်း ပါဝင်သည်။ ရပ်ကွက်စာရင်းများအရ နန်းမြို့တွင်းလည်း ဥပုသ်တောင်ရပ်ကွက်အတွင်း ပါဝင်သည်။ ဥပုသ်တော်ရပ်ကွက်သည် မန္တလေးတောင်၏ အနောက်ဘက်ရပ်ကွက်များနှင့် မြောက်ဘက်တွင် အိုးဘိုရွှေကျောင်းရပ်၊ အနောက်ဘက်တွင် အမရဌာနီအရှေ့၊ အမရစံခေါင်၊ အမရဌာနီ အနောက်ရပ်ကွက်နှင့် ထိစပ်လျက်ရှိ၏။

ဥပုသ်တော်ရပ်ကွက်အတွင်းရှိ အကွက်များတွင် အကွက် (၃၅/၃၆) လွန်းကြင်လှေတန်းရပ်၊ အကွက် (၃၄) မြောက်နွားခြံကုန်း၊ အကွက်(၃၂) ဘုန်းတော်တိုး၊ အကွက် (၃၀) လင်းဇင်၊ အကွက်(၂၉) လှေတန်း၊ အကွက်(၂၇/၂၈) ကြေးသွန်း-မြင်းတန်း၊ အကွက်(၂၄) မိဘဈေး၊ အကွက် (၁၉) သပိတ်တန်း၊ အကွက် (၂၅) မြို့ပေါ်တန်း၊ အကွက် (၃၁/၃၅/၃၆) သူရဲတပ်၊ အကွက် (၅၂) တောင်နွားခြံကုန်းတို့ ဖြစ်၏။

ဥပုသ်တော်ရပ်ကွက်သည် မင်းတုန်းမင်းလက်ထက် ဥပုသ်သည်၊ ဥပုသ်ခေါင်းတို့အား ချီးမြှောက်နေရာချထားခဲ့ရာ အရပ်ဖြစ်သည်ဟု မှတ်သားရသည်။ မင်းတုန်းမင်းတရားကြီးသည် ရတနာသုံးပါး အလွန်ကြည်ညိုကိုင်းရှိုင်းသော မင်းဖြစ်သည်နှင့်အညီ မန္တလေးမြို့တော်သစ်တည်စဉ်ကပင် ကျောင်း၊ ကန်၊ ဘုရား၊ ဘာသာရေး ကိစ္စများ မလစ်မလပ် စီမံဆောင်ရွက် အားပေးချီးမြှောက်မှုများ ပြုသကဲ့သို့ ကိုယ်တိုင်လည်း ဥပုသ်သီတင်းများ စောင့်ထိန်းတော်မူခဲ့၏။

မင်းအဖြစ်ရောက်ပြီး ၁၂၁၅၊ တပေါင်းလဆန်း ၁၅ ရက်နေ့တွင် ဥပုသ်ယူတော်မူ၍ ရွှေမြို့တော်လေးမျက်နှာ ဥပုသ်သည်တို့ကိုလည်း ထမင်းကျွေးတော်မူသည်။ ဥပုသ်စောင့်သူတို့ကို သင်ကြားကျက်မှတ်စေရန်ရွှေပုရပိုက်တွင် သရဏဂုံသုံးပါးနှင့် ဥပုသ် အခြင်းအရာ ဒုစရိုက်၊ သုစရိုက်များကို ရေးမှတ်စေတော်မူ၍ ဥပုသ်တော်စောင့်ခေါင်းတို့အား ပေးတော်မူသည်။ မင်းတုန်းမင်းသည် ယဉ်ကျေးမှုကိုလည်းအလွန်မြတ်နိုးတော်မူ၏။ ၁၂ ရာသီပွဲလမ်းသဘင်အလှူများကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းစေ၏။ လှူဒါန်းမှုများလည်း ပြုလုပ်၏။

မန္တလေးမတည်မီ ၁၂၁၆ ခုနှစ်၊ နယုန်လဆုတ် ၁၄ ရက်နေ့တွင် အမရပူရမြို့တော် အတွင်းအပြင် ရှစ်သီတင်း ဥပုသ်စောင့်သူတို့ကို တောင်ဥယျာဉ်တော်အတွင်း ထမင်းကျွေးမွေးတော်မူ၏။ ဝါတွင်းသုံးလပတ်လုံး ဥပုသ်စောင့်သူများနှင့် အင်းဝမြို့မှ ဥပုသ်သည်ပေါင်း (၈၂၇) ယောက်အား ပုဆိုး၊ ခေါင်းပေါင်း၊ အင်္ကျီ ဆုလာဘ်များ ပေးတော်မူ၏။

မန္တလေး ရတနာပုံခေတ်၌ ရွှေမြို့တော် လေးပြင်လေးရပ် (အစုမရှိ) ဥပုသ်တော်စောင့်လူပေါင်း ၂၄၀၀ ကျော်တို့အား အဝတ်၊ ပုဆိုး၊ ခေါင်းပေါင်း၊ လစာငွေတော်များ အစဉ်သနားတော်မူ၏။ ရပ်ကွက်၊ မြို့တွင်း၊ မြို့ပြင် ဓမ္မာရုံများတွင်လည်း ဥပုသ်ဆောက်တည်သူတို့နှင့် အရာရှိ၊ မှူးတော်၊ မတ်တော်၊ နန်းတော်သား အစုအမှုထမ်းတို့ကို ကလျာဏ အနွှခွဲ၍ ဥပုသ်စောင့်သုံးသည့်အခါ ကလျာဏ တစ်ဦးလျှင် ငါးမူး၊ အနွှတစ်ဦးလျှင် နှစ်မူး တစ်ပဲကျစီ သီတင်းတစ်ပတ်လျှင် ငွေပေါင်း ၅၀၀၀ ကျော် လစဉ်ပေးကမ်းလှူဒါန်းတော်မူခဲ့၏။

ထို့ပြင်ရွှေနန်းတော်အနီး လွှတ်တော်ရှေ့ မှန်စီကျောင်းတော်ရှိ မဟာဗောဓိဘုရားတွင် စောင့်နေထမ်းရွက်သည့် ဥပုသ်တော် ငတိုး၊ ငပုတို့အား တစ်လလျှင် ၁၅ ကျပ်ကျစီ ပေးသနား၏။ ဥပုသ်တော်များကို သားတော်သီပေါမင်း လက်ထက်ထိ ယင်းသို့ ချီးမြှင့်ခဲ့သည်ကို တွေ့ရ၏။ (၁၂၄၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်နေ့အတွင်း ဥပုသ်တော် ထုတ်ငွေ ၁၀၀၀၀ အသုံးစာရင်းပါဘုရား) အမှတ်အသားပါ ပုရပိုက်တွင် ဖော်ပြထားသည့် မှတ်တမ်းများတွေ့ရ၏။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**



# "ဂုဏ်ယူဝမ်းမြောက်ခြင်း"

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် ဦးစိုးမင်းထိုက်၏ချစ်ဇနီး **ဒေါ်နှင်းမြတ်ထွေး**အား **"သုစမ္မသိရီ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး၊ ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ပြုပါသည်။

**ဦးအောင်ဇော်၊ ဒေါ်ယဉ်ယဉ်မြတ်**
**သမီး-မမေသင်းကြူ @ May Son**
**သား-ကိုမင်းမြတ်အောင်ဇော် @ Ryan (မိသားစု)**
**(Sustain Construction Ltd)**

Our heartiest congratulations to **Ms.Hnin Myat Htwe**, CEO of Royal Golden Point Industries Ltd, for being conferred Myanmar president's office awards for her contributions towards charitable causes & donations in Myanmar.

From, **SMH Business Development Enterprises Pte Ltd,**
**CEO& Board of members**

**Pleasant Times** Travels & Tours
Scania & Man Coach
Release Your stress with Pleasant Times
- မုံရွာ - အလောင်းတော်ကဿပ (Feb:11)
- ပုဂံ - ပွယ်တော်လေးဆူ (Feb:11)
- တောင်ကြီး - အင်းလေး (Feb:11)
- မန်းရွှေစက်တော်ဖွင့်ပွဲ (Feb:11)
- ထားဝယ်-ရှင်ကိုးရှင် with Flight (Feb:12)

နေ့ချင်းပြန် ခရီးစဉ်များ
(Jan: 16,23,30 Feb: 6,11,20,27)
- ပြည် (အကောက်တောင်)
- ဘားအံ - ကျိုက်ထီးရိုးတောင်
- သထုံ - မဲလဲတောင် - ရေပူစမ်း
- မော်လမြိုင် - ကျိုက်ကမီ - စက်စဲ
- တောင်ငူ-သံတောင်-ဗိုးကျားဆင်စခန်း

အမှတ်(၇၃), အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 01-9317220, 09-73158702, 09-73072661, 09-252872529

**အမှားပြင်ဆင်ချက်**

(၃-၁-၂၀၁၆)ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၅)ပါ "ထိမ်းမြားလက်ထပ်ပြီးစီးခြင်း" ကြော်ငြာပါ သတို့သမီး "ပဟန်နီထွန်း" ၏ မိခင်အမည်အား "ဒေါ်မြင့်မြင့်သန်း" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သွေးသည်အသက်**

## လိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် **ဒေါ်သက်သက်နိုင်**(ဒါရိုက်တာ၊ ဇမ္ဗူသီရိဟိုတယ်၊ နေပြည်တော်)အား **"သုစမ္မသိရီ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

**(၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖြစ်မြောက်ရေးကော်မတီ၊ မြစ်ကြီးနားမြို့**

ဂျီအီးဒီ ကိုယ်ပိုင်အထက်တန်းကျောင်း
GED ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက်
ဘာသာစုံစာသင်ဝိုင်းများ
GRADE 11 ၁၀တန်း(တက္ကသိုလ်ဝင်တန်း) GRADE 10 ၉ တန်း
မတ်လဆန်းစမယ်
'ဝိုင်း'ကြိုအပ်လက်ခံပြီ
H-2 မေခလမ်း၊ မေခအိမ်ရာ ၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း - ၀၁ - ၅၇၃၄၀၁၊ ၀၉ - ၅၁၄၃၁၁၆၊ ၀၉ - ၅၄၀၆၅၄၆

**အမည်မှန်** တောင်ဇလုံမြို့နယ်၊ (၅၆)ရပ်ကွက်၊ ပုဂံလမ်းနေ အဖ ဦးကျော်ငွေ၏ သမီး လသွဲ မ(စ) ၁၀ ဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စတုတ္ထတန်း(A)မှ ခေခင်စမယ်ထင်၏ အမည်မှန်မှာ ခေခင်စမယ်သင်ဖြစ်ပါသည်။ **ခေခင်စမယ်ထင်**

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။**

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) အောင်မြင်ပြီးသူများ<br>- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ (သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၆။ | အစားအစာနှင့်အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၇။ | အနေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | - ဤသင်တန်းဌာနမှ အခြေခံ(အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်။ |
| ၈။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (စီမံ/အထွေထွေ) | - စီမံခန့်ခွဲမှုပညာဘွဲ့ရရှိပြီးသူ (သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ |
| ၉။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)(အခန်းဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |
| ၁၀။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)(အစားအစာဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |

**သင်တန်းကာလ။** ၈-၂-၂၀၁၆ရက် မှ ၁-၄-၂၀၁၆ရက်
**သင်တန်းဆိုင်ရာ အချက်အလက်ဆက်သွယ်စုံစမ်းရန်**
လျှောက်လွှာများကို တန်ဘောကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ ပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**တန်ဘိုသာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၃၉၉၄၈၃၆**

PROTON
Black Platinum Hair Gel
ဝယ်ယူ အားပေးလျက်ရှိသော Customer များ၏ ကျေးဇူးကို တုံ့ပြန်သောအားဖြင့်
ငွေသားဆုမဲနှင့် ရွှေဆွဲကြိုးဆုမဲပေါင်း များစွာပါဝင်သည့်
အထူးအခွင့်အရေး
31st Mar 2016 အထိ



ဖြန့်ချိရေး- အမှတ် ၁၂ (မြေညီထပ်) မနောဟရလမ်း၊တာမွေမြို့နယ်၊ရန်ကုန်မြို့။ Ph-01 709819, 01 549089, 09 795737592

# ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး၏
ဇန်နဝါရီလ – ၄ရက် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်သော
အမိန့်ကြော်ငြာစာ အမှတ် – ၁/၂၀၁၆ ဖြင့် မိုးကုတ်ဝိပဿနာတရားစဉ် နှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ် ဥက္ကဋ္ဌ ၊ တိပိဋကဓမ္မရက္ခိတ အဖွဲ့ဥက္ကဋ္ဌ –
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ **ဦးစိန်တင့်** အား
မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ကို နိုင်ငံတော်မှ ထပ်မံချီးမြှင့်ခဲ့သည်အတွက်
အထူးဂုဏ်ယူ ဝမ်းမြောက်ပီတိဖြစ်ရပါသည်။

ရှေ့အနာဂတ်တွင် ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာ၍ နိုင်ငံတော် အကျိုး၊ သာသနာအကျိုး အမျိုးမျိုးတို့ကို သက်ဆုံးတိုင် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

သား၊ သမီး နှင့် မြေးများ
ရွှေကျားပျံ မရွှေဝါ ဆေးပေါ့လိပ် လုပ်ငန်း
ရန်ကုန်၊ တောင်ကြီး၊ မန္တလေး။





ROBINSON Business School
VICTORIA UNIVERSITY THE SCHOOL OF MANAGEMENT
Switzerland
MBA/DBA
Registration Open
28th Intake

**Nang Tin Moe Thu**
**Deputy Manager of Brand Communications**
**KBZ Bank**
*MBA Student*
*Victoria University (Switzerland)*

Venue: 206-E, La Pyayt Wun Plaza
Dagon Township, Yangon
09 43196211/09 420053536
www.rbsmm.com



အဝယ်ပေးရန်မလို
၁၀%
ငွေချေစနစ်
လစဉ် (၆သိန်း) ခန့်သာ
မြကန်သာ Condominium
ကျိုင်း ISM ကျောင်းနှင့် ဒါရိုက်ကော်လာဂျ်အနီး
15,16,17 -Jan-2016
တပ်မတော်ခန်းမတွင် ရောင်းချပေးသွားမည်။
DEVELOPED BY iGREEN
DISCOUNT (၅၀) သိန်း


## မိတ်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲတောမြို့နယ် အထက ဒေမြတ်တောင်၊ ကျောင်းတွင် ပညာ သင်ကြားနေသော ပဥ္စမတန်းမှ မောင်နေမင်း ထက်နှင့် အဌမတန်းမှ မောင်နေထက်ကျော် တို့၏ မိဘအမည်မှန်မှာ ဦးနေမိုးကျော်|၁၄/ ပပတ(နိုင်)၁၃၇၈၅၂|နှင့် မိခင်အမည်မှန်မှာ ဒေါ်နန်းလှသိန်း|၁၄/ပပတ(နိုင်)၁၆၁၈၇၂|တို့ ဖြစ်ပါသည်။

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

၁။ လှည်းကူးမြို့၊ ပိုလ်ချုပ်အောင်ဆန်းလမ်း၊ (G)ဥယျာဉ်မြေကျပြီး၊ ကွန်ကရစ်လမ်း၊ ဘေး၊ ခြံခတ်ပြီး၊ ရေပါ–မီးရှိ၊

| | |
|---|---|
| (20'x60') | (45) သိန်း |
| (30'x60') | (100)သိန်း |
| (40'x60') | (110)သိန်း |

၂။ (1)ထပ်တိုက်၊ (450 sqft)၊ ရေမီးစုံ (250)သိန်း

**Ph: 09-450378377,09-799716395,09-421161198**


မှခင်းအန္တရာယ်
ကြိုတင်ကာကွယ်နိုင်ကြပြီး
မှခင်းအသိပညာရရှိစေဖို့
**မှုခင်း** ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(၂/၄၄) ယနေ့ထွက်ပြီ
Ph-01-397164, 01-9000017

★ပထွေးရဲ့လက်ချက်ကြောင့် သားလေးသေဆုံးသွားလို့ မိခင်ရင်းက အမှုဖွင့်ရတဲ့ဖြစ်ရပ်– ★ညီက အစ်ကိုကို မကျေနပ်ချက်အရ ရဲတင်းနဲ့ခုတ်လို့ သေဆုံးသွားရတဲ့ဖြစ်ရပ် ★အဖမ်းခံဖို့ရှောင်းဖျားချတာကို ဓားနှစ်ချောင်းနဲ့ပြန်လည်ခုခံလို့ သေနတ်နဲ့ပစ်ခတ်ဖမ်းဆီးခဲ့ရတဲ့ဖြစ်ရပ် ★အမျိုးသမီးချင်း ရန်ဖြစ်နေစဉ် လင်ယောကျာ်းကဝင်ပြီး ဓားနဲ့ခုတ်သတဲ့ ★အိမ်ထဲဝင်ပြီး ဓားမြှောင်နဲ့ထိုးထွက်ပြေးသူကိုဖမ်းမိ ★(၁၀)တန်းကျောင်းသားကို ကြိုးနဲ့တုပ် တိပ်နဲ့ပတ်ပြီး ချုပ်ထဲထားခဲ့တဲ့ဖြစ်ရပ် ★အရက်ဆိုင်မှာ မခံချင်စရာစကားကြောင့် ဓားနဲ့ထိုးလို့ သေဆုံးသွားရတဲ့ဖြစ်ရပ် ★ဆေးလိပ်ဝယ်ဖို့ ထွက်သွားသူတွေ ဓားထိုးခံရတဲ့ဖြစ်ရပ် ★လယ်ကွင်းထဲမှာ ပုပ်ပွသေဆုံးနေတဲ့ လူသေအလောင်း ★အသက်မပြည့်သေးသူလေးကို ခိုးယူပေါင်းသင်းလို့အမှုဖွင့် ★အရက်ကြောင်ကြောင်နေသူက ဓားနဲ့ခုတ်သတ်လို့ (၇)နှစ်သားလေး သေဆုံးသွားရတဲ့ဖြစ်ရပ် ★ဗိုက်ခင်းထဲမှာ ရဲတပ်ကြပ်ကို ပေါက်တူးနဲ့ခုတ်ထွက်ပြေးသူပြေးမလွတ် ★ဖခင်ကိုသားက ဓားနဲ့ခုတ်ရာမှ သေဆုံးသွားလို့ သားကိုမိခင်က အမှုဖွင့်တဲ့ဖြစ်ရပ် စတဲ့သတင်းများနဲ့အတူ ……..ကဏ္ဍစုံလင်စွာ ဖတ်ရှုရမည်။


## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မြို့သာယာရပ်ကွက် မြေကွက်အမှတ်(၁၅၃၂ ၁၅၃၃) ၏အမည်ပေါက် ဒေါ်ကျော့(၃)ဦးအနက် ဒေါ် သန်းတင်ထံမှ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးသိန်းထိုက် |၁၄/ဖပန(နိုင်)၁၀၅၁၁၅| ကိုင်ဆောင်သော မြေကွက်ဂရန်(မူရင်း) ငွေလွှဲစာချုပ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များပျောက်ဆုံးပြီး မြေချုပ်ပြန်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်ထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချုပ်ပြန်လည်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာစီမံခွဲ(၂)၊ မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ခံနှိပ်မြို့သစ်(၁)ရပ်ကွက်သစ် မြေကွက်အမှတ်(၇၅၄)၏ အမည်ပေါက် ဦးလှသိန်း၏မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်အေးအေး|၁၂/ကတတ(နိုင်)၀၉၀၇၈၁| ကိုင်ဆောင်သော မြေကွက်ဂရန်(မူရင်း) ငွေလွှဲစာချုပ် (မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များပျောက်ဆုံးပြီး မြေချုပ်ပြန်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်ထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချုပ်ပြန်လည်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာစီမံခွဲ(၂)၊ မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မြို့သာယာရပ်ကွက်သစ် မြေကွက်အမှတ်(၁၆၇၂)၏ အမည်ပေါက် ဦးမောင်တာ၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးထွန်းဝင်းမြင့်|၁၂/ကတတ(နိုင်)၁၃၈၆၆၈| ကိုင်ဆောင်သော မြေကွက်ဂရန်(မူရင်း) ငွေလွှဲစာချုပ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များပျောက်ဆုံးပြီး မြေချုပ်ပြန်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား (မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်ထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချုပ်ပြန်လည်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာစီမံခွဲ(၂)၊ မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၁-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၁-၂၀၁၆ ရက်နေ့မှ ၁-၂-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ိ/-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သား အခြေခံလစာ ၁၂၅၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း)(အခြေခံလစာ-၁၇၀၀၀ိ+အရည်အချင်းလစာ ၄၀၀ိ+ M.H.R.A ၁၀၀၀ိ=၁၈၄၀၀ိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀ိ/- နှုန်းဖြင့် ၁၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။










# မင်္ဂလာငွေရတုဆုမွန်

ချစ်ဖေဖေ ဗိုလ်မှူးချုပ် တေဇကျော်နှင့် ချစ်မေမေ ဒေါ်ညိုတူးမာတို့၏ (၁၅-၁-၂၀၁၆)ရက်နေ့တွင် ကျရောက်သော (၂၅)နှစ်မြောက်(ငွေရတု)မင်္ဂလာနှစ်ပတ်လည်နေ့မှစ၍ နောင်နှစ်ပေါင်းများစွာ ပျော်ရွှင်ဖွယ်ကောင်းပြီး တပ်မတော်နှင့် အမျိုး၊ ဘာသာ/သာသနာအကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်သော မိသားစုဖြစ်စေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သားသား

မောင်အောင်ကောင်းသန့်ကျော်(အာဂူး)

# ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉)၏ (၄၁)နှစ်မြောက် ကျောင်းဆင်းပွဲ အထိမ်းအမှတ် တွေ့ဆုံပွဲ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉)၏ (၄၁)နှစ်မြောက် ကျောင်းဆင်းပွဲအထိမ်းအမှတ်အဖြစ် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ ကျောင်းဆင်းဘက်သူငယ်ချင်းများနှင့် မိသားစုဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(က) ၅-၂-၂၀၁၆ရက် ၁၈း၀၀နာရီအချိန် ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ကန်တော်မင်္ဂလာပန်းခြံ ရွှေဘဲစားသောက်ဆိုင်တွင် ညစာစားပွဲကျင်းပခြင်း။

(ခ) ၆-၂-၂၀၁၆ရက် ၁၀း၀၀နာရီအချိန် ကျဆုံး၊ ကွယ်လွန်လေပြီးသော ဆရာသမားများနှင့် ရောင်းရင်းသူငယ်ချင်းများအား ရည်စူး၍ ကမ္ဘာအေးကုန်းမြေ၊ မိုးကုတ်ဆွမ်းစားဆောင်တွင် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း။

သုံးရာသီ ဗမှဒါန
မန္တလေး၊ ပေပြို၊ စစ်ကိုင်း၊ မုံရွာ၊
အလောင်းတော်ကဿပ ထမင်းကျွေး(၄၀၀၀ဝိ/-)
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ ထမင်းကျွေး(၄၀၀၀ဝိ/-)
Jan - 8, 15, 22, 29
420144148, 421153797

ကား မျိုးစုံ
(Alphard/Crown/MarkII/အနီးတော့ဘုံ/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ...
Ph: 09795549249, 095418126

B.Ed
မြင့်သူထက်
JO, LO
Non-Stop
ENGLISH Exam
နည်းပြ / သရုပ်ပြ
Essay
တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း၊ ရန်ကုန်။

မီးသတိပြု

**အမည်ပြောင်း** တပ်ကုန်းမြို့နေ အဖဦးအောင်အောင်[၉/တကန(နိုင်)၁၂၈၈၂၇]၏ သမီး မသွန်းထက်အိမ်အား ယနေ့မှစ၍ မအေးမြတ်သီရိဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။
မအေးမြတ်သီရိဝေ







Forever Gems
by ရွှေနန်းတော်
ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၄)ဆိုင်၏
နှစ်သစ်အကြို အထူးကံစမ်းမဲဖွင့်ပွဲကြီး
၁၇-၁-၂၀၁၆၊ ညနေ(၄)နာရီ
Myanmar Plaza (Near Sedona Hotel)
GRAND LUCKY DRAW PROGRAM
MAZDA3
Brand New ကား (၂) စီး
5% to 25%off
၅ကျပ်သား ရွှေဆွဲကြိုး (၄)ကုံး ၊ iphone (၂၀)လုံး
Samsung Note 5 (၁၅)လုံး ၊ ipad (၁၅)လုံး
Customers အတွက် Silver Card/Gold Card/Diamond Card အကျိုးခံစားခွင့်
ဖျော်ဖြေရေးအစီအစဉ် (၁၆-၁-၂၀၁၆ နှင့် ၁၇-၁-၂၀၁၆)
နေတိုး၊ ဇေရဲထက်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး (လက်မှတ်ထိုးခြင်းနှင့်ဓါတ်ပုံရိုက်ခြင်း)
အောင်ထက်၊ ရဲသွေးနောင်၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော် တို့၏ဖျော်ဖြေမှု
Kmiko@Blossoms dance crew
TRI FAMILY Violin music Performance
ပွဲဂံစေတ်ဆိမ်းစွက်အကဖျော်ဖြေမှု
World Class Fashion Show By Miss Forever Gems
Dancing with games activities
Myanmar Plaza ရှိ Forever Gems By ရွှေနန်းတော် အတွက်သာ
၃၀-၁၀-၂၀၁၅ မှ ၃၁-၁-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၁၀)ဦးအတွက်ထပ်ဆင့်အထူးလက်ဆောင်မွန်
စနစ်စဉ်ဖွင့်လှစ်ရောင်းချပေးနေပါပြီ
ရွှေ (၁၀)ကျပ်သား (၁) ဆု ၊ ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၁) ဆု ၊ ရွှေ (၃)ကျပ်သား (၂) ဆု
ရွှေ (၂)ကျပ်သား (၂) ဆု ၊ ရွှေ (၁)ကျပ်သား (၃) ဆု
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း (၂၅၀) နှင့်အခြားအဖိုးတန်ပစ္စည်းများ
၅.၁၀.၂၀၁၅ မှ ၁၇.၁.၂၀၁၆ ထိ
Myanmar Plaza (HAGL, Near Sedona Hotel),Ph: 09-2653 99966, 09-2653 99977, 09-2653 99988

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**ချစ်ဖေဖေ ဆရာဦးလှထွန်း (ရှမ်းပျိုမယ်)တိုင်းရင်းဆေးဝါးလုပ်ငန်းပိုင်ရှင်** မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အကြံပေးအဖွဲ့၊ အဖွဲ့ဝင်သည် မန္တလေးမြို့တော်ကို အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့တော်အဖြစ်ပေါ်ပေါက်လာစေရန် ဘက်စုံကဏ္ဍစုံမှ ဝိုင်းဝန်းကူညီပံ့ပိုး၍ တာဝန်အရပ်ရပ်အား အောင်မြင်စွာဂုဏ်ပြုလေးစားထိုက်သော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခဲ့သောကြောင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ **(ရတနာပုံလူမှုရေးဆိုင်ရာဂုဏ်ပြုလက်မှတ်)**ကို ၄-၁-၂၀၁၆ နေ့တွင် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် သားသားမှ **ဂုဏ်ယူဝမ်းမြောက်မိပါသည်။**

**ချစ်မေမေ သုဓမ္မသိင်္ဂီဒေါ်စန်းစန်းဝေ(ခ)ဒေါ်စန်းဝေ (ရှမ်းပျိုမယ်) တိုင်းရင်းဆေးဝါးလုပ်ငန်းပိုင်ရှင်** အားလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် **(သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်)**ကို ထပ်ဆင့်အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက် သားသားမှ **ဂုဏ်ယူဝမ်းမြောက်မိပါသည်။**

သားအတုယူ လေးစားတန်ဖိုးထားရပါသော ဖေဖေနှင့်မေမေတို့သည် ရေနဲ့ကြာလို တင့်တယ်ပြီး အမျိုးဘာသာသာသနာအကျိုး၊ နိုင်ငံအကျိုးတို့ကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဖေဖေနဲ့မေမေရဲ့ချစ်လှစွာသောတစ်ဦးတည်းသောသား**
**မောင်မင်းလှိုင်ဖြိုး** B.A(Hons)
Business & Management
Myanmar Imperial College
University of Northampton


စိန့်မြ SC မွေ့ရာ ပရိဘောဂ
21st Anniversary & ဝေဖေယ္ယာ့အဲ့ကြီးစင်ဆိုင်ရာမြှတ်ထားတာတွေ
2nd Prize
3rd Prize
1st Prize
Toyota Wish
2003 MODEL
2016 January 31ရက်နေ့ အထိသာ (Yangon & Mandalay All Showrooms)
Yangon 01-566454, 09-73244480, 09-5011699 Mandalay 02-68857, 09-402511022, 02-71070


ရှမ်းပြည်နယ်အစိုးရအဖွဲ့ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီ နှင့် နယူးစတားလိုက် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် တို့
အကျိုးတူပူးပေါင်းဆောင်ရွက်သည်။
Light
၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် (Soft Opening) ဖွင့်လှစ်တော့မည့် မင်္ဂလာမူဆယ် လမ်းလျှောက်ဈေးအား
ဂုဏ်ပြုသောအားဖြင့် RC (၃) ထပ် လူနေဆိုင်ခန်း များကို
ရှေ့ဝတီဘဏ်
နှင့် (၆) နှစ် အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့်
ရောင်းချပေးမည့် အထူးအစီအစဉ်ကို လူကြီးမင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။
MUSE CBD
မူဆယ်ဗဟိုစီးပွားရေးဇုံစီမံကိန်း
အခန်း အရေအတွက် ကန့်သတ်ထားပါသည်။
ကုန်စည်ပြပွဲ နှင့် ဈေးရောင်းပွဲတော်ကြီးကို
- ဆက်သွယ်ရန်လိပ်စာ - (Information Centre)
မင်္ဂလာမူဆယ်လမ်းလျှောက်ဈေး၊ ကမ်းနားလမ်း နှင့် ချစ်ကြည်ရေးလမ်းထောင့်၊ မူဆယ်ဗဟိုစီးပွားရေးဇုံစီမံကိန်း၊ မူဆယ်မြို့
Ph: 09-258606767, 09-420705585, 09-5130121, China Ph:18788227756
Email - mcbd.sales@newstarlight.com.mm

ကြော်ငြာ


9th to 30th Jan
2016 NEW YEAR PROMOTION!
မျက်ကပ်မှန် ၅၀၀၀/-
ဝင်းစတား
25% - 50% OFF!
နေကာ - ပါဝါ - မျက်မှန် - မျက်ကပ်မှန်
၃၀၀၀/- တန်မှ HIGH QUALITY အထိ ဈေးနှုန်းအစုံရောင်းချပေးနေပါသည်။
HOT SALES!
No. 186/188၊ ရွှေဘုံသာ (အလယ်လမ်း)၊ ရန်ကုန်မြို့။ - 246258 Ext ; 103, 105. www.winstar-asia.com


ACECOOK
NEW YEAR PROMO
ဆုမဲပေါင်း ၁၀၀၀၀ ကံစမ်းစို့
Hana နှင့် Kossy ခေါက်ဆွဲထုပ်တိုင်းမှာ အပူချိန်ထိန်းထမင်းဘူးနှင့်(ကျပ် ၁၀၀၀ မှ ၁၀,၀၀၀ကျပ်အထိ)
ဖုန်းငွေဖြည့်ကတ်ပေါင်းများစွာတို့ကိုNew yearလက်ဆောင်အဖြစ်ကံထူးနိုင်ပါသည်။ မြန်မြန်ပြေးဝယ်ကြစို့။
၁၀၀၀၀ ကျပ်တန်ကဒ်
၅၀၀၀ ကျပ်တန်ကဒ်
၃၀၀၀ ကျပ်တန်ကဒ်
၁၀၀၀ ကျပ်တန်ကဒ်
KOSSY
HANA
HANA
KOSSY
More info: Acecook Myanmar
၃၁.၁.၂၀၁၆ - နောက်ဆုံးရက်
Technology partner


PREMIER COFFEE
ပရီမီယာကော်ဖီ(၁၀)နှစ်ပြည့်
အထိမ်းအမှတ်
သင်လည်း သူတို့လို ကံထူးရှင် ဖြစ်နိုင်ပါတယ် ...
သိန်း 1000
ကျပ်သိန်း(၁၀၀)ကံထူးရှင်များ
ကျပ်သိန်း(၁၀)ကံထူးရှင်များ
ပရီမီယာကော်ဖီ၏ (၁၀)နှစ်ပြည့် အထူးကံစမ်းမဲ
(Premier 3 In 1, 2 Plus 1, Espresso နှင့် Milk Powder)
ဆုကြီးငွေကျပ်သိန်း(1000)ဆု နှင့် ကျပ်သိန်း(100)ဆု
50ဆု၊ ကျပ်(10)သိန်းဆု 50ဆု
Free Drink

Hot Line No-0930500100

# ကျန်းမာရေးကဏ္ဍအတွက် ဘတ်ဂျက်သုံးစွဲမှု အဆင့်(၇)နေရာတွင်ရှိ ဝန်ထမ်းများအနေဖြင့်လည်း လူ့စွမ်းအားတိုးတက်ရန်နှင့် အရည်အချင်းပြည့်ရန်လို

နေပြည်တော် ဇန်နဝါရီ ၁၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာရာ လွိုင်ကော်လေဆိပ်သို့ရောက်ရှိကြသည်။**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လွိုင်ကော်မြို့ ခုတင်(၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြပြီး အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လွိုင်ကော်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးက ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ ခုတင်(၅၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု၊ တိုးချဲ့အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် ဆေးရုံကြီး၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက နိုင်ငံတော်အနေဖြင့် ကျန်းမာရေးကဏ္ဍအတွက် ဘတ်ဂျက်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးမြှင့်သုံးစွဲလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် အခြားသောဝန်ကြီးဌာနများနှင့် နှိုင်းယှဉ်ပါက ဘတ်ဂျက်သုံးစွဲမှုတွင် အဆင့်(၇)နေရာတွင်ရှိကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

## ယနေ့ မာတိကာ

ဗောဓိတစ်ထောင်ထိုင်တော်မူရုပ်ပွားတော်ကြီး တည်ထားမှု ၆၀ ရာခိုင်နှုန်းပြီးစီး

စာမျက်နှာ - ၂

ယာဉ်မောင်းလိုင်စင်အတုများ အလွယ်တကူစစ်ဆေးဖော်ထုတ်မည်

စာမျက်နှာ - ၇

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ တတိယနေ့ကျင်းပ

စာမျက်နှာ - ၉

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ဇန်နဝါရီ ၁၆ ရက် စတင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂)ကို ယခုတစ်ပတ်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အဖွင့်ပွဲတွင် နိုင်ပွဲပျောက်ထားသည့် အသင်းအများစုက နိုင်ပွဲစတင်ရရှိရေးကြိုးပမ်းမည်ဖြစ်သည်။

ပွဲစဉ်(၂)အဖြစ် ဇန်နဝါရီ ၁၆ ရက်တွင် အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် Horizon အသင်း၊ ဇန်နဝါရီ ၁၇ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်း၊ အောင်ဆန်းကွင်း၌ Southern အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၁၈ ရက်တွင် အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် ဧရာဝတီအသင်းတို့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁)တွင် ဇွဲကပင်၊ မကွေး၊ ရခိုင်၊ ရတနာပုံနှင့် ဇေယျာရွှေမြေအသင်းတို့ နိုင်ပွဲရခဲ့ပြီး လက်ရှိချန်ပီယံ ရန်ကုန်အသင်းအပါအဝင် ဧရာဝတီ၊ Horizon၊ Southern နှင့် ချင်းယူနိုက်တက်အသင်းတို့ ရှုံးပွဲကြုံတွေ့ထားသည်။ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့မှာ ပွဲဦးထွက်သရေကျထားသည်။

ပွဲစဉ်(၁)အပြီးတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ပြီး ဘရာဇီးနိုင်ငံသား အီမာဆင်နှင့် လမ်းခွဲကာ ဧရာဝတီအသင်းနည်းပြဟောင်း မက်ဆီဒိုးနီးယားနိုင်ငံသား မာဂျန်ကို ခန့်အပ်ထားသည်။ နည်းပြသစ် မာဂျန်မှာ ပွဲဦးထွက်ပွဲအဖြစ် ဟံသာဝတီအသင်းနှင့် ကစားရမည်ဖြစ်ရာ ရလဒ်ကောင်းရရှိရန် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေပြီး အပြောင်းအလဲများစွာ ပြုလုပ်ထားသည့် ရှမ်းယူနိုက်တက်အသင်းမှာလည်း နိုင်ပွဲစရရန် ကြိုးပမ်းရမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**



## မင်္ဂလာမူဆယ်လမ်းလျှောက်ဈေး ဇန်နဝါရီ ၁၉ ရက်ဖွင့်မည်

**မူဆယ် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ ကမ်းနားလမ်းနှင့် ချစ်ကြည်ရေးလမ်းထောင့် မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းအတွင်းရှိ "မင်္ဂလာမူဆယ်" လမ်းလျှောက်ဈေးကို မြန်မာ-တရုတ်ကုန်စည်ပြပွဲ ဈေးရောင်းပွဲတော်နှင့်အတူ ဇန်နဝါရီ ၁၉ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-တရုတ်နယ်စပ် နှစ်နိုင်ငံအကြား ရွှေလီမြစ်ကမ်းဘေးတွင် နိုင်ငံ၏ ကုန်သွယ်မှုဗဟိုဌာနအဖြစ် ဂုဏ်ဆောင်မည့် မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း၏ ပထမခြေလှမ်းအဖြစ် မင်္ဂလာမူဆယ်လမ်းလျှောက်ဈေးကို စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွက် ဒုတိယမြောက် နိုင်ငံတကာအဆင့်မီလမ်းလျှောက်ဈေးဖြစ်သည်။ စနစ်ကျပြီး လှပသေသပ်သည့်ဒီဇိုင်းများဖြင့် ပုံဖော်ထားသည့် အဆိုပါ မင်္ဂလာမူဆယ်လမ်းလျှောက်ဈေးဖွင့်ပွဲတွင် မြန်မာ-တရုတ် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်ထိ သုံးရက်တိုင်တိုင် နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ○**






themirror.npt@gmail.com
www.facebook.com/themirrordaily